မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနလာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၅၄]

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။ (ယမကဝဂ္ဂ ဓမ္မပဒ)

သမ္မတ ဦးသိန်းစိန်၏ သန့်ဌာန်ခိုင်မာစွာဖြင့် ဦးဆောင်ခဲ့မှုသည် မြန်မာပြည်သူများအတွက်သာမက အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းအတွက်ပါအကျိုးရှိစေမည့် ဒီမိုကရေစီနိုင်ငံသစ်ကို ဖော်ဆောင်ပေးနိုင်ခဲ့

မလေးရှားနိုင်ငံဝန်ကြီးချုပ် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် ဂုဏ်ပြုပြောကြား

(သတင်း၊ စာမျက်နှာ - ၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးများတက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်။ (သတင်း၊ စာမျက်နှာ - ၈) (ပြန်/ဆက်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အာဆီယံအသိုက်အဝန်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းခေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံရည်မှန်းချက်များအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤအာဆီယံအဖွဲ့ကြီးကို ၁၉۷၇ ခုနှစ် သြဂုတ်လကစတင်တည်ထောင်ခဲ့ပြီး မူလကအဖွဲ့ဝင်နိုင်ငံများအဖြစ် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့သာပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်လာ၍ အဖွဲ့ဝင် ၁၀ နိုင်ငံအထိ ရှိလာခဲ့ပါသည်။

အာဆီယံအဖွဲ့ကြီးကို အဓိကအားဖြင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ပေါ်ပေါက်လာသော ဒေသတွင်းပြဿနာများကို ငြိမ်းချမ်းစွာ ပိုင်းဝန်းဖြေရှင်းရေးစသော ရည်မှန်းချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ အာဆီယံဒေသတွင်းလူဦးရေ သန်း ၆၀၀ ကျော်နေထိုင်လျက်ရှိပါသည်။ အာဆီယံဒေသသည် အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ယူကေတို့ပြီးလျှင် သတ္တမ အကြီးဆုံး စီးပွားရေး အင်အားကြီးဒေသကြီးလည်းဖြစ်ပါသည်။ ယခုအခါ အာဆီယံထိပ်သီးအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ (၂၇) ကြိမ်ပင်ရှိပြီဖြစ်ပါသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂၁ ရက်မှစတင်ကာ ထိပ်သီးအစည်းအဝေးကြီးကို ကျင်းပလျက်ရှိပါသည်။ ဤအာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံနိုင်ငံခေါင်းဆောင်များသာမက အာဆီယံ-အမေရိကန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-အိန္ဒိယနှင့်အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးများပါ ကျင်းပခြင်းဖြစ်၍ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များတက်ရောက်သည့်အစည်းအဝေးကြီးဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) သည် အာဆီယံအသိုက်အဝန်းထောက်တိုင်သုံးခုအနက် တစ်ခုဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်အလွန်တွင် ဆောင်ရွက်သွားရန် ၂၀၀۷ ခုနှစ်က စင်ကာပူနိုင်ငံ၌ကျင်းပသော (၁၃)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ အာဆီယံဒေသတွင်းတစ်ခုတည်းသောဈေးကွက်ကြီးပေါ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤသို့ အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်ထွန်းလာမှုနှင့်အတူ အာဆီယံနိုင်ငံများအကြား ကုန်စည်များလွတ်လပ်စွာရောင်းဝယ်ဖောက်ကားမှု အားကောင်းလာမည်ဖြစ်ပါသည်။ တစ်ခုတည်းသော ဈေးကွက်ပေါ်ထွန်းလာမှုနှင့်အတူ အာဆီယံဒေသတွင်းစီးပွားရေးအားပြိုင်မှုများ အားကောင်းလာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးအာဆီယံနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း နည်းပညာလွှဲပြောင်းမှု၊ အလုပ်အကိုင်သစ်များပေါ်ထွန်းရေး၊ ကျွမ်းကျင်လုပ်သားစသော အခွင့်အလမ်းများရရှိလာနိုင်မည်ဖြစ်ပါသည်။ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများသည် ဒွန်တွဲလျက်ရှိပါသည်။ အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဆိုလျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း အာဆီယံအသိုက်အဝန်းအတွင်း စီးပွားရေးအားကောင်းသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆۷-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်များ လာရောက်လေ့လာ

တာချီလိတ် နိုဝင်ဘာ ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာညီလာခံ International Conference On Alternative Development 2 (ICAD-2)သို့ တက်ရောက်ကြမည့် ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နီဝက်မီနာယိုသင်နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာနရုန်းရတနာနူကား ဦးဆောင်သည့် နိုင်ငံတကာညီလာခံကိုယ်စားလှယ်များသည် နိုဝင်ဘာ ၂၁ ရက်က ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂)မှ ထွက်ခွာခဲ့ပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်းဆတ်မြို့နယ် ယောင်ခကျေးရွာသို့ ရောက်ရှိခဲ့ကြသည်ဟု သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းရိုင်ဒေသနှင့် ချင်းမိုင်ဒေသများရှိ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပြယုဒ်ဖြစ်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများစတင်နိုင်ရန် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့တို့သည် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ ဒွိုင်တုံးဒေသ၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါစာချွန်လွှာအရ ထိုင်းနိုင်ငံမှ မယ့်ဖားလုံဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးလက်ကျောက်ချောလမ်းခင်း

ဒီးမော့ဆို နိုဝင်ဘာ ၂၂

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဒေါတဝူး-ဒေါတမြေး ကျောက်ချောလမ်းအရှည် တစ်မိုင်နှစ်ဖာလုံအား ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၆၈၈ သန်းဖြင့်လည်းကောင်း၊ နန်းဟူထွေ-ဒေါစဲ-ဒေါတမြေး ကျောက်ချောလမ်းအရှည်နှစ်မိုင်ကျော်အား ခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ ဒသမ ၈၄၉ သန်းဖြင့်လည်းကောင်း ဆောင်ရွက်နေကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ထင်သာမြင်သာပြုပြင်စရာ

မိုးလုံလေလုံ ပညာသင်ခွင့်ရရန်မျှော်လင့်

ရေးမြို့နယ် လမိုင်းမြို့ ဘဲလမုကျေးရွာအုပ်စု တာဘထော့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူများသည် ကျောင်းဖွင့်ရာသီကာလ မိုးရာသီတစ်ရာသီပတ်လုံးတွင် မိုးဒဏ်၊ လေဒဏ်အန်တုကာစာပေသင်ယူခဲ့ကြရကြောင်း သိရသည်။ အဆိုပါစာသင်ကျောင်း၌ ဆရာဆရာမငါးဦးနှင့် ကျောင်းသားကျောင်းသူ ၅၀ တို့ ပညာသင်ကြားသင်ယူလျက်ရှိသည်။

မိုးရာသီကာလက မိုးဒဏ်၊ လေဒဏ်များအကြား ရင်ဆိုင်ဖြတ်ကျော်ခဲ့ကြရပြီး ယခုကဲ့သို့ဆောင်းဦးရာသီ၏ နေအပူရှိန်အောက်တွင်လည်း အပူဒဏ်ကို ခံစားနေရလျက်ရှိကြောင်း၊ အမိုးအကာများကို ကျေးရွာရပ်မိရပ်ဖများက တစ်ပိုင်တစ်နိုင်ပြုပြင်ပေးနေရကြောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန် ကျေးရွာမှ သက်ဆိုင်ရာအဖွဲ့အစည်းများထံ တင်ပြထားပြီးဖြစ်သဖြင့် အဆိုပါကိစ္စ အမြန်ဆုံးအကောင်အထည်ပေါ်လာစေရန် မျှော်လင့်နေကြကြောင်း သိရသည်။

နေမျိုးထွန်(ရေး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀۷၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ۷၅၁၃၃၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်		မန္တလေး	
ဒီဇယ်	၆၃၀/၆၄၀	ကျပ်	၆၈၀/၆၉၀	ကျပ်
အောက်တိန်း ၉၂	၆۷၀/၆၉၀	ကျပ်	۷၄၀/۷၅၀	ကျပ်
အောက်တိန်း ၉၅	۷۷၀/۷၉၀	ကျပ်	၈၅၀/၉၀၀	ကျပ်
ပရီမီယံဒီဇယ်	၆۷၀/၆၈၀	ကျပ်	۷၄၀/۷၅၀	ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိသာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိသာ	၄၀၀၀-၄၅၀၀
၃။ ငါးရံ့	တစ်ပိသာ	၆၅၀၀-۷၅၀၀
၄။ ငါးဖယ်	တစ်ပိသာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိသာ	۷၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိသာ	၁၀၀၀၀-၂۷၀၀၀
၇။ ငါးသလောက်	တစ်ပိသာ	۷၅၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိသာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိသာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိသာ	۷၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိသာ	၁၃၀၀၀-၁۷၀၀၀
၁၂။ ဘဲ	တစ်ပိသာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉۷.၀
ဥရောပ	တစ်ယူရို	၁၃၈၉.၉
စင်ကာပူ	တစ်ဒေါ်လာ	၉၁၆.၈၀
ထိုင်း	တစ်ဘတ်	၃၆.၂၁၉
အိန္ဒိယ	တစ်ရူပီး	၁၉.၆၂၆
တရုတ်	တစ်ယွမ်	၂၀၃.၂၀
မလေးရှား	တစ်ရင်းဂစ်	၃၀၀.၈၂

ခင်ရတနာ-စုစည်းသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဝန်ကြီးချုပ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး

ကွာလာလမ်ပူ နိုဝင်ဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဒီမီထရီ အေ မက်ဒ်ဗီဒက်ဗ်နှင့် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ကွာလာလမ်ပူ ကွန်ပင်းရှင်းစင်တာ၌ တွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှု၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တွေ့ဆုံခဲ့သည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပခဲ့မှု၊ ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်မှု၊ ကုလသမဂ္ဂမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်မှုတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



❖ *ကျော်ဖုံးမှ*

ရန်ကုန်အသင်းမှာ ပွဲချိန်တစ်လျှောက် ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး နည်းပြချုပ်သစ် အီမာဆင်အတွက်လည်း ပွဲဦးထွက်မျက်နှာပန်းလှခဲ့သည်။

ရန်ကုန်အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားအဖြစ် ဘရာဇီးတိုက်စစ်မှူးအက်ဒီဆင် သာပါဝင်ခဲ့ပြီး ကျော်ကိုကို၊ ကြည်လင်း၊ ခင်မောင်လွင်၊ ရန်အောင် ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် ရန်ကုန်အသင်းကစားကွက် တည်မရခဲ့သော်လည်း ၁၀ မိနစ်နောက်ပိုင်းတွင် ကစားကွက်မိလာခဲ့သည်။ တိုက်စစ်မှူးသစ် အက်ဒီဆင်၏ ခေါင်းတိုက်ဂိုးများကြောင့် ရန်ကုန်အသင်းကို ဖိအားလျော့စေခဲ့သည်။ ၁၄ မိနစ်တွင် ကျော်ကိုကို၏ဖန်တီးပေးမှု၊ ၂၁ မိနစ်တွင် သန်းထက်အောင်၏ ဖန်တီးပေးမှုများမှ အက်ဒီဆင်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မိုင်တီးက လာအိုတိုယိုတာအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရန်ကုန်အသင်းက ချက်ချင်းဂိုးပြန်ရခဲ့သောကြောင့် လာအိုအသင်း မျှော်လင့်ချက်ပျက်ခဲ့ရသည်။ မိနစ် ၅၀ တွင် ဒေးဗစ်ဒန်းက အဝေးကန်ချက်ဖြင့် ရန်ကုန်အတွက် တတိယဂိုးသွင်းယူခဲ့ပြီး ပွဲကို ဆက်လက် ထိန်းချုပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် ကျော်ကိုကို၊ ၆၂ မိနစ်တွင် ရန်အောင်ကျော်တို့က သွင်းယူပေးခဲ့သည်။ လာအိုတိုယိုတာအတွက် ဒုတိယချေပဂိုးကို မိနစ် ၉၀ တွင် ပိုဒါက သွင်းယူပေးခဲ့သည်။

ရန်ကုန်အသင်းမှာ အုပ်စု နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂၉ ရက်တွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် ကစားရမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ နိုင်ပွဲများ ရထားသော်လည်း ရန်ကုန်အသင်းက ဂိုးကွာခြားချက်ဖြင့် အသာရထားသောကြောင့် သရေကျရုံဖြင့် ဆီမီးတက်မည်ဖြစ်သည်။

ညီမြတ်သော်တာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ မိသားစုဝင်များနှင့် မြန်မာပညာတော်သင်ကျောင်းသားများအား တွေ့ဆုံ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်၏နေအိမ်၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာတော်သင်ကျောင်းသားများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ပညာတော်သင်ကျောင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(ယာဝုံ)**

ယင်းနောက် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

❍ *ကျော်ဖုံးမှ*

လာမည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ရာနှုန်းပြည့်အားလုံးပြီးစီးမည်ဟုသိရပြီး အဆိုပါအားကစားတက္ကသိုလ်၏တည်ဆောက်ဖွဲ့စည်းမှုမှာ ရှေ့ပင်မလေးထပ်ဆောင်တစ်ဆောင်၊ ယင်း၏နောက်တွင် ကပ်လျက်သုံးထပ်ဆောင်နှစ်ဆောင်၊ နှစ်ထပ်ဆောင်နှစ်ဆောင်နှင့် ယင်းအဆောက်အအုံအတွင်း အစည်းအဝေးခန်းမများ၊ စာကြည့်တိုက်များ၊ ရုံးခန်းများနှင့် သင်ကြားရေးဆောင်များပါဝင်ကာ လူ ၅၀၀ ခန့် သင်ကြားရေးအတွက် အသုံးပြုဆောင်ရွက်နိုင်သည့် အာစီအမျိုးအစား အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် အဆိုပါအားကစားတက္ကသိုလ် တည်ဆောက်ပြီးစီးရေးအတွက် တစ်နေ့လျှင် လုပ်သား ၂၀၀ ကျော်ခန့် အသုံးပြုစီမံဆောင်ရွက်လျက်ရှိပြီး အားကစားတက္ကသိုလ်တည်ဆောက်မှုအတွက် ကုန်ကျမည့် စုစုပေါင်းပမာဏမှာ ဒွေကျပ် သန်း ၄၇၀၀ ဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေဘုံ စံမြန်မာဆောက်လုပ်ရေးကုမ္ပဏီစီမံကိန်းမှ အင်ဂျင်နီယာ ဦးဌေးအောင်က ပြောသည်။

အာဆီယံအသိုက်အဝန်း တရားဝင်ထူထောင်လိုက်ပြီး လွတ်လပ်စွာကုန်သွယ်မှုနှင့်အတူ အခွန်အတုပ်အတားအဆီးများဖယ်ရှား

ကွာလာလမ်ပူ နိုဝင်ဘာ ၂၂

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)က တနင်္ဂနေနေ့တွင် လူပေါင်း ၆၂၅ သန်းသော ပြည်သူများအတွင်း လွတ်လပ်သောကုန်သွယ်မှု ဖန်တီးရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် တရားဝင်အသိုက်အဝန်းတစ်ရပ်ကို ထူထောင်လိုက်ပြီ ဖြစ်သည်။

အဆိုပါအသိုက်အဝန်းထူထောင်ရေးကြေညာချက်ကို အာဆီယံထိပ်သီး နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ ကွာလာလမ်ပူမြို့၌ အာဆီယံ ၁၀ နိုင်ငံ အဖွဲ့ဝင်ခေါင်းဆောင်များက လက်မှတ်ရေးထိုးကြသည်။

အာဆီယံအသိုက်အဝန်းတွင် အစိုးရများနှင့်အတူ ဒေသတွင်းနိုင်ငံရေး၊ လုံခြုံရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများပါဝင်သည်။ သို့သော် အာဆီယံစီးပွားရေးအသိုက်အဝန်းသည် ဂျီဒီပီတိုးတက်ပြီး ကမ္ဘာ့သတ္တမ အကြီးဆုံး စီးပွားရေးအဖြစ်ဖန်တီးနိုင်သော ဒေသတွင်းပေါင်းစည်းရေး အတွက် အခွင့်အလမ်းများကို ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။

"အာဆီယံအသိုက်အဝန်းကို တရားဝင်ထူထောင်လိုက်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံတွေအကြား အခွန်အတုပ်အတားအဆီးတွေကို ဖယ်ရှားနိုင်ပြီဖြစ်ပါတယ်"ဟု ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသော မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပြောသည်။

အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေးမဟာဗျူဟာများချမှတ်နိုင်ရန် လည်းကောင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်သော်လည်းကောင်း ရည်မှန်းထားသည်။ ထို့အပြင် ပို့ဆောင်ရေးကဏ္ဍဖြစ်သည့် လမ်းတံတားကွန်ရက်နှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင်လည်း ပိုမိုအားကောင်းလာစေရန်လည်း သဘောတူထားကြသည်။ **(ရိုက်တာ)**

ဗြိတိသျှဝန်ကြီးချုပ် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုများ နှစ်ပတ်အတွင်းပြုလုပ်သွားရန်ဆန္ဒပြင်းပြ

လန်ဒန် နိုဝင်ဘာ ၂၂

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများကို အကူအညီပေးရန် ပါလီမန်သို့ တိုက်တွန်းလိုက်သည်။

လာမည့်နှစ်ပတ်အတွင်း ဒေးဗစ်ကင်မရွန်း၏ ဆီးရီးယား လေကြောင်းတိုက်ခိုက်မှုများအား အကူအညီပေးရေးအစီအစဉ်ကို ပါလီမန်၌ ဗြိတိသျှဥပဒေပြုသူများက မဲပေးဆုံးဖြတ်မည်ဟု မျှော်လင့်ရကြောင်း ဗြိတိသျှစကိုင်းနယူးက နိုဝင်ဘာ ၂၁ ရက်က ဖော်ပြခဲ့သည်။

ဆီးရီးယား၌ ပထမဆုံးဗြိတိသျှတို့၏ လေကြောင်းတိုက်ခိုက်မှုကို ပါလီမန်မှ ထောက်ခံမှုရရှိသည်နှင့်တစ်ပြိုင်နက်တည်း ပြုလုပ်မည်ဖြစ်ကြောင်း သည်ဆန်းဒေးတိုင်းမ်သတင်းစာက ဖော်ပြသည်။

ဆီးရီးယားတွင် ကြားဝင်ကူညီမည့် ဗြိတိသျှတပ်မတော်အတွက် အချက်ခုနစ်ချက်ပါ အစီအစဉ်ကို ဒေးဗစ်ကင်မရွန်းက ကြိုတင်ပြုလုပ်ထားကြောင်း ခိုင်လုံသောသတင်းအရင်းအမြစ်ကို ကိုးကား၍ ယင်းသတင်းစာကဖော်ပြသည်။

ဗြိတိန်ဘဏ္ဍာရေးဌာနအကြီးအကဲ ဂျော့ချ်အော့စဘုန်းက အိုင်အက်စ်အကြမ်းဖက်အုပ်စုနှင့် အလားတူအကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ချေမှုန်းရန် ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုသစ်တစ်ခုအနေဖြင့် တိုက်ခိုက်ရေးဂျက်လေယာဉ်အစင်း ၁၀၀ ဝယ်ယူရန် စီစဉ်ထားကြောင်း ကြေညာခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် နိုဝင်ဘာ ၂၃ ရက် (တနလာ်နေ့)တွင် တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးနှင့် အိုင်အက်စ်စစ်သွေးကြွများအရေးဆွေးနွေးရန် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်နှင့် ပြင်သစ်တွင် တွေ့ဆုံမည်ဖြစ်သည်။

နိုဝင်ဘာ ၂၀ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီက အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ခြင်းကို ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအနေဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်သည်။

"အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို နှိမ်နင်းတိုက်ဖျက်ရန် ပါလီမန်ထောက်ခံမဲရရှိအောင် ကျွန်တော်တို့ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အချုပ်အခြာကို ကျွန်တော်တို့ကိုယ်တိုင် ကာကွယ်ရမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်"ဟု ဗြိတိသျှဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် "အခြားနိုင်ငံတွေက ကျွန်တော်တို့နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးတွေ ထမ်းထားရမည့်အခြေအနေကို ကျွန်တော်တို့ မမျှော်လင့်ထားပါဘူး"ဟု ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

နယူးဇီလန်ရေခဲမြစ်၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ လေယာဉ်ပေါ်လိုက်ပါသည့် ခရီးသည်အားလုံးသေဆုံး

ဝယ်လင်တန် နိုဝင်ဘာ ၂၂

နယူးဇီလန်နိုင်ငံ၏ ဝေးလံခေါင်ဖျားသော တောင်ကျွန်းစု (South Island) ပေါ်ရှိ ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားလျက်ရှိရာ Fox Glacier အမည်ရှိရေခဲမြစ်တစ်ခု၌ နိုဝင်ဘာ ၂၁ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသည့် ခရီးသည်အားလုံး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်သားများက အဆိုပါရေခဲမြစ်၏အက်ကြောင်းနက်ကြီးထဲ၌ ရဟတ်ယာဉ်ပျက်ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ခက်ခဲသောရေခဲပြင်အနေအထားကြောင့် ယင်းလေယာဉ်ပျက်ကို ဆယ်ယူနိုင်ခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ယူကေမှ ကမ္ဘာလှည့်ခရီးသည် လေးဦး၊ ဩစတြေးလျနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် နှစ်ဦးနှင့် နယူးဇီလန်လေယာဉ်မှူးတစ်ဦးတို့ လိုက်ပါစီးနင်းသည့် အဆိုပါရဟတ်ယာဉ်သည် နိုဝင်ဘာ ၂၁ ရက် ဒေသစံတော်ချိန်နံနက်ပိုင်းက ပျောက်ဆုံးသွားကြောင်း သတင်းများအရ သိရသည်။ နယူးဇီလန်ရဲတပ်ဖွဲ့သည် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသွားသူများ၏ ဆွေမျိုးရင်းချာများကို အကြောင်းကြားပေးရန် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် ၂၀၁၀ ပြည့်နှစ်က လူကိုးဦးတင်ဆောင်ထားသည့် လေယာဉ်တစ်စင်းလည်း အဆိုပါရေခဲမြစ်အနီးရှိ မြို့တစ်မြို့မှ ယင်းရေခဲမြစ်ဆီသို့ဦးတည်ပျံသန်းနေစဉ် ခရီးလမ်းတစ်ဝက်၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသည့် လူအားလုံးသေဆုံးခဲ့ကြောင်း သိရသည်။

Fox Glacier အမည်ရှိရေခဲမြစ်မှာ နယူးဇီလန်နိုင်ငံအနောက်ဘက်ကမ်းရိုးတန်း တောင်ကျွန်းစုပေါ်ရှိ Westland Tai Poutini အမျိုးသားဥယျာဉ်ထဲ၌ တည်ရှိပြီး ၁၃ ကီလိုမီတာခန့် ရှည်လျားကာ ကမ္ဘာလှည့်ခရီးသည်များအကြား ထင်ရှားသည့်နေရာ ဖြစ်သည်။ ၁၈၇၂ ခုနှစ်က နယူးဇီလန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆာဝီလျံ ဖောက်စ်က အဆိုပါရေခဲမြစ်သို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အဆိုပါရေခဲမြစ်ကို ယင်းကာလကတည်းက Fox Glacier ဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

မာလီဟိုတယ်တိုက်ခိုက်ခံရမှု စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်

မာလီ နိုဝင်ဘာ ၂၂

မာလီလုံခြုံရေးအာဏာပိုင်များက မြို့တော်ဘာမာကိုတွင် မကြာသေးမီကဖြစ်ပွားခဲ့သော ဟိုတယ်တိုက်ခိုက်မှုနောက်ကွယ်မှဖြစ်ရပ်များကို စုံစမ်းလျက်ရှိသည်။

သေနတ်သမားများသည် နိုဝင်ဘာ ၂၀ ရက်က ဘာမာကိုမြို့တော်ရှိ ရာဒစ်ဆန်ဘလူးဟိုတယ်သို့ အတင်းအမမ္ဓကျူးကျော်ဝင်ရောက်ခဲ့ပြီး ဧည့်သည် ၁၇၀နှင့် ဟိုတယ်ဝန်ထမ်းများကို မားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါအကြမ်းဖက် စီးနင်းတိုက်ခိုက်မှုတွင် ရုရှား၊ အမေရိကန်နှင့် တရုတ်နိုင်ငံများမှ လာရောက်တည်းခို နေထိုင်သူများ အပါအဝင် လူပေါင်း ၁၉ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ သေနတ်သမားနှစ်ဦးလည်း ယင်းအကြမ်းဖက် စီးနင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောသည်။

အဆိုပါအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကို နိုင်ငံတကာအကြမ်းဖက်ကွန်ရက်အယ်ခိုင်ဒါနှင့် ချိတ်ဆက်မှုရှိသော အယ်လ်မိုရာဘီတွန်အုပ်စုက ပြုလုပ်ခဲ့ကြောင်းနောက်ပိုင်းတွင် သိရသည်။

ယင်းတိုက်ခိုက်မှုတွင် အနည်းဆုံးလူသုံးဦးပါဝင်မည်ဟု လုံခြုံရေးအာဏာပိုင်များက ယုံကြည်ထားပြီး ချိတ်ဆက်မှုအားလုံးကို ထောက်လှမ်းနေကြောင်း လုံခြုံရေးဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။ **(အင်နန်အိတ်ချ်ကေ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၂

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 16th ASEAN Chiefs of Army Multilateral Meeting(ACAMM-16)နှင့် (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet(25th AARM) ပိတ်ပွဲအခမ်းအနား တက်ရောက်ရန်အတွက် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာဝုံ)**

(မြဝတီ)

ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် Shwe Mann Taung Golf Resort က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ အဋ္ဌမပွဲစဉ် (မန္တလေး)၏ တတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၁ ရက် နံနက်က မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဇော်ဇော်လတ် (HAN Golf Academy)

က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၅ ချက်ဖြင့် ပထမ၊ ရန်မျိုးအေး (CEO Group) ကသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၆ ချက်ဖြင့် ဒုတိယ၊ အောင်ဝင်း(HAN Golf Academy)ကသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် တတိယလိုက်နေကြပြီး ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် စည်သူရဲရင့်က သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၀၄ ချက်ဖြင့် ပထမ၊ မင်းနိုင်စိုးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် ဒုတိယနှင့် ဇော်ဇော်ထွန်းကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယရရှိကာ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ပထမ၊ ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် တတိယလိုက်နေကြသည်။ **ဖိုးသော်ဇင်**

ဘောဂလိအထက်တန်းကျောင်း၌ နယ်လှည့်ဆေးကုသ

ဘောဂလိ နိုဝင်ဘာ ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ အထက်တန်းကျောင်း၌ ရှေ့တန်းအမှတ် (၅) စစ်ဆင်ရေးကွပ်ကဲမှူဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ဘောဂလိတိုက်နယ်ဆရာဝန်၊ သူနာပြုများပူးပေါင်းကာ နိုဝင်ဘာ ၂၂ ရက်က ကျောင်းသားကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ဘောဂလိအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၇၄၂ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများနှင့် ကာကွယ်ဆေးထိုးနှံ့ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကူးစက်ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးတို့ကို သင်ကြားလမ်းညွှန်ပေးခဲ့ကြသည်။ **စိုင်းခင်(ပြန်/ဆက်)**

■ *ကျော်ဖုံးမှ*

ဒုတိယပိုင်း ၅၃ မိနစ်တွင် နေမာကနောက်ပေါက်ဖြင့် ဖန်တီးပေးခဲ့ရာ ကွင်းလယ်ကစားသမား အင်နီယေစတာက ဘာစီလိုနာအတွက် တတိယဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် ကွင်းလယ်ကစားသမား ရာကီတစ်နေရာတွင် မက်ဆီကို အစားထိုးလဲလှယ်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၇၄ မိနစ်တွင် ဂျော်ဒီအယ်ဘာ ဖန်တီးပေးခဲ့ရာ တိုက်စစ်မှူး ဆွာရက်စ်က ဘာစီလိုနာအတွက် စတုတ္ထမြောက် ဂိုးသွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ချေပဂိုး ရရန် ပြန်လည်တိုက်စစ်ဆင်ခဲ့သော်လည်း ဘာစီလိုနာဂိုးသမား ဘရာဒိုလက်စွမ်းပြကာကွယ်မှုကြောင့် ဂိုးမရရှိဘဲ အိမ်ကွင်းပရိသတ်ရှေ့၌ မျက်နှာပျက်ခဲ့ရသည်။ ပွဲချိန် ၈၄ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး နေမာကို ရီးရဲကွင်းလယ်လူအစ္စကို ကြမ်းတမ်းစွာ ကစားသောကြောင့် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းပွဲတွင် ညှိ့သည်ဘာစီလိုနာ အသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် ရမှတ် ၃၀ ရရှိကာ ရီးရဲမှာ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်မှုကြောင့် ၂၄ မှတ်ရရှိပြီး ခြောက်မှတ် ကွာခြားခဲ့ပြီဖြစ်သည်။

စနေနေ့ညနက်ပိုင်းမှ တခြားပွဲစဉ်ဖြစ်သည့် ပရီမီယာလီဂ်အသင်းကြီးနှစ်သင်းတွေ့ဆုံမှုတွင် လီဗာပူးအသင်းသည် အဝေးကွင်းတွင် မန်စီးတီးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ အိမ်ရှင်မန်စီးတီးအသင်းသည် အဂူရိုကို အထောင်ထားကာ နားဗက်စ်၊ ဖာနန်ဒို၊ ယာယာတိုရေး၊ စတာလင်း၊ ဒီဘရိုင်း၊ ဒီမစ်ချယ်လီ၊ ဆဂ်ညာ၊ ကိုလာရော့ဗ်၊ မန်ဂါလာနှင့် ဂိုး-ဂျိုးဟတ်တို့ ပါဝင်ခဲ့သည်။ ညှိ့သည်လီဗာပူးအသင်းသည် ဖာမီနိုကို အထောင်ထားကာ အီမရီကန်း၊ ကော်တင်ဟို၊ လယ်လာနာ၊ ဂျိမ်းစ်မီလ်နာ၊ လိုင်ဗာ၊ ဆီလီနီ၊ မိုရန်နို၊ လော့ပ်ရန်၊ စကာတယ်နှင့် ဂိုး-မစ်နိုလတ်တို့ ပွဲထွက်လာသည်။

ပွဲစပြီး ၈ မိနစ်တွင် မန်စီးတီးနောက်တန်းကစားသမားမန်ဂါလာ၏ အိုဂျိုဂိုးဖြင့် လီဗာပူးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၂၃ မိနစ်တွင် ကော်တင်ဟိုက လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ၃၂ မိနစ်တွင် တိုက်စစ်မှူး ဖာမီနိုက တတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၄ မိနစ်တွင် တိုက်စစ်မှူး အဂူရိုက မန်စီးတီးအတွက် တစ်လုံးတည်းသော ချေပဂိုးကိုသွင်းယူခဲ့သည်။ ဒုတိယပိုင်း ၈၁ မိနစ်တွင် လီဗာပူးနောက်တန်းကစားသမား စကာတယ်၏ စတုတ္ထမြောက်ဂိုးသွင်းယူပြီး အဝေးကွင်းတွင် လီဗာပူးအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မန်စီးတီးအသင်းသည် ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၂)တွင် ရပ်တည်နေပြီး လီဗာပူးမှာရမှတ် ၂၀ ရရှိခဲ့ပြီဖြစ်သည်။

သီဟ

ဘာစီလိုနာမှ ဆွာရက်ဇ် ရီးရဲမက်ဒရစ်သို့ ဂိုးသွင်းယူစဉ်။

ရုရှား၏ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်စနစ် မြန်မာနိုင်ငံတွင် တည်ဆောက်မည်

ဂျေတီ

မော်စကို နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်စနစ် တည်ဆောက်ရေးအတွက် ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကို အကူအညီပေးမည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ လိုအပ်သည့် ပစ္စည်းကိရိယာအားလုံးကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဗာဆီလီပေါ့စ်ပီလော့ဗ်က ရုရှားပိုင် Sputnik သတင်းအေဂျင်စီသို့ ပြောကြားသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် အရေးပေါ် ကြိုတင်သတိပေးချက်စနစ်ကို နိုင်ငံအဝန်း တည်ဆောက်ရန် စိတ်ဝင်စားလျက်ရှိရာ ယင်းသဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်စနစ် တည်ဆောက်ရာ၌ လိုအပ်သည့် ပစ္စည်းကိရိယာများနှင့် ဆက်သွယ်ရေးစနစ်များအား မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးရေးနှင့်ပတ်သက်၍ မိမိတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ၄င်းက ဆက်လက်ပြောကြားသည်။

မကြာသေးခင်က မြန်မာနိုင်ငံ၌ အကြီးအကျယ်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ပြည်သူ့အများအပြား ရေဘေးဒဏ်ခံခဲ့ကြရရာ ရုရှားအရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာနက တန်ချိန် ၄၀ ရှိ စားသောက်ကုန်များ၊ စောင်များ၊ ရွက်ဖျင်တဲများနှင့် ရေထဲပေါ်လောပေါ်နိုင်သည့် ရော်ဘာဖောင်များ အစရှိသည့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီကို အောက်တိုဘာ ၁၃ ရက်က လေယာဉ်ဖြင့် မန္တလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ရုရှားအစိုးရသည် သဘာဝနှင့်လူပယောဂကြောင့် ဖြစ်ပွားသည့် ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများအား ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ အိန္ဒိယနိုင်ငံ၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဗဟိုဌာနတစ်ခု တည်ဆောက်ရန် အိန္ဒိယအစိုးရကိုလည်း နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်းဖြစ်ပွားသည့် မတော်တဆမှုများနှင့် သဘာဝဘေးအန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီကာကွယ်ထိန်းသိမ်းနိုင်သည့် ခေတ်မီသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဗဟိုဌာန(NCMC)ကို ပိုင်ဆိုင်ထားသဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားရာဒေသများသို့ ချက်ချင်းရောက်နိုင်အောင် ကူညီကယ်ဆယ်ရေးအဖွဲ့များအား အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းများအရသိရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်၏ မိန့်မှာချက်အရ ၂၀၀၈ ခုနှစ်က ထူထောင်ခဲ့သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဗဟိုဌာနရှိ ကူညီကယ်ဆယ်ရေးလုပ်သားများသည် ပြည်တွင်းနှင့်ပြည်ပတွင်ဖြစ်ပွားသည့် မည်သည့် သဘာဝဘေးအန္တရာယ်ကိုမဆို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ၂၄ နာရီလုံးလုံး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

သက်ကြီးစာပေပညာရှင်များကို ကန်တော့ပူဇော်ကြပါစို့

လယ်တွင်းသားစောချစ်

မြန်မာနိုင်ငံတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို 'စာဆိုတော်နေ့'အဖြစ် သတ်မှတ်ထားသည်။

ရှေးမြန်မာမင်းလက်ထက်ကပင် နတ်တော်လတွင်စာဆိုတော်ကြီးများကို ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိသည်။

ယခုမျက်မှောက်ကာလမှာလည်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်ကချီးမြှင့်လျက်ရှိပါသည်။ ယခုတွင်လည်း နတ်တော်လဆန်း ၁ ရက် (ဒီဇင်ဘာ ၁၂) ရက်တွင် ချီးမြှင့်မည်ဖြစ်ပါသည်။

ထိုသို့နိုင်ငံတော်ကချီးမြှင့်သည့်အပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ဆရာဝန်တင်ရွှေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုစသည့် ပုဂ္ဂလိကစာပေစေတနာရှင်များကလည်းထူးချွန်သောစာပေပညာရှင်များကို ထိုက်တန်စွာစာပေဆုချီးမြှင့်ခြင်းဖြင့် စာပေကို မြင့်စေကြပါသည်။

စာဆိုတော် နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံစာရေးဆရာအသင်းသည်အသက် စဝနှင့်အထက်သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကိုလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများသည် အလိမ္မာရှိသောစာ၊ နိုင်ငံ၊ လူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ အသိအမြင် ဉာဏ်ပညာဖြစ်စေသောစာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသောစာများစွာတို့ကို ရေးသားပြုစုခဲ့ကြသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုသော သုတစာပေ၊ ရသစာပေတို့ကို ဖတ်ရှုလေ့လာခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားများ အသိအလိမ္မာ ဉာဏ်ပညာကြီးမြင့်ရသည်။ နိုင်ငံလူမျိုး ချစ်မြတ်နိုးစိတ်ဖြစ်ရသည်။ အမှန်နှင့်အမှား၊ တရားနှင့်မတရား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် ခွဲခြားသိမြင်ရသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုခဲ့သည့်စာများကြောင့် လူတစ်ဦးချင်းစီကို အောင်မြင်စေသည်။ တိုးတက်စေသည်။ အေးချမ်းစေသည်။ ကောင်းကျိုးများစွာရစေသည်။ ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကျေးဇူးမှာ ကြီးမားလှပါသည်။ ယခုအခါ ဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ဝုဒ္ဓိ၊ ဝယဝုဒ္ဓိကိုဆင်ခြင်အောက်မေ့၍ လေးစားရိုသေစွာ စာပေကန်တော့ပွဲဆင်ခွဲကြခြင်းဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် ပထမအကြိမ် စတင်ကန်တော့စဉ်က ကန်တော့ခံသက်ကြီးစာပေပညာရှင်မှာ ၁၀ ဦးသာရှိပါသည်။ ၁၉၉၅ ခုနှစ်တွင် ၄၂ ဦးထိ တိုးလာပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ကန်တော့နိုင်ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်ပြည်လုံးမှ စာပေပညာရှင်ကြီးများကိုကန်တော့ခဲ့ပါသည်။ ၆၆ ဦးအထိ တိုးလာပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ၁၀၀ကျော်အထိရှိလာသည်။ ယမန်နှစ်က ကန်တော့ခံသက်ကြီးစာပေပညာရှင် ၁၈၀ အထိရှိသည်။ ဆရာကြီး ဆရာမကြီးများကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် ဆေးဝါး၊ စာအုပ်စာပေများကိုလျှုဒါန်းနိုင်ခဲ့သည်။ ရွှေသံလွင်စကိုင်းနက်ရုပ်သံမှဆရာကြီး ဆရာမကြီးများကို စကိုင်းနက်ရုပ်သံဖမ်းစလောင်းနှင့်တကွ စက်များကို အိမ်တိုင်ရာရောက် တပ်ဆင်လျှုဒါန်းခဲ့ပါသည်။ ယခုနှစ်တွင် အသစ်တိုးလာသူများရှိသကဲ့သို့ ကွယ်လွန်သူများလည်းရှိရာ ကန်တော့ခံစာပေပညာရှင် ၁၈၅ ဦးဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ကန်တော့ခံစာပေပညာရှင်ကြီးများကို အနည်းဆုံးငွေကျပ် နှစ်သိန်းစီကန်တော့နိုင်ရန်ကြိုးစားပြီး အလျှုခံလျက်ရှိပါသည်။ နှစ်စဉ်မှာပင်နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်၊ မန္တလေးမြို့တော်စည်ပင်နှင့် ကုမ္ပဏီအဖွဲ့အစည်းများက လျှုဒါန်းကြသည်။ လူမှုရေးအဖွဲ့အစည်းများ၊ စာရေးဆရာများ၊ ပုဂ္ဂလိကစေတနာရှင်များကလည်း လျှုဒါန်းကြပါသည်။

မိမိကိုယ်တိုင်စာအုပ်စာပေများကို ဖတ်မှတ်လေ့လာခြင်းဖြင့် အသိအလိမ္မာ၊ ဉာဏ်ပညာကြီးမြင့်၍ လုပ်ငန်းများ အောင်မြင်တိုးတက်ခြင်း၊ မိမိတို့ဘဝကို ကောင်းမွန်မှန်းကန်စွာ စောင့်ရှောက်နိုင်ခြင်း၊ ပစ္စုပ္ပန်သံသရာကောင်းကျိုးရစေခြင်း ဂုဏ်ကျေးဇူးများကိုအောက်မေ့ဆင်ခြင်၍ မြန်မာနိုင်ငံအရပ်ရပ်မှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်စာပေမွေ့လျော်သူများခင်ဗျား ယခုနှစ် ဒီဇင်ဘာလအတွင်း ကန်တော့ပူဇော်မည့်သက်ကြီးစာပေပညာရှင် ဆရာကြီးဆရာမကြီးများကိုကန်တော့ပူဇော်ပွဲအမီ အလျှူ ငွေများပါဝင်လျှုဒါန်းလိုပါလျှင် မြန်မာနိုင်ငံစာရေးဆရာအသင်းအမှတ် ၁၇၃/၁၇၅ ခုနစ်လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှုဒါန်းနိုင်ပါသည်။ ဖုန်းဖြင့် ဆက်သွယ်လျှုဒါန်းလိုပါလျှင် ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

သက်ကြီးစာပေပညာရှင်ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကိုပူဇော်၍ စာပေချစ်မြတ်နိုးကြကုန်သော စေတနာရှင်များအား ပါဝင်လျှုဒါန်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

စိမ်ကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နိုဝင်ဘာ ၂၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂) သံမဏိစက်ရုံကို(ပင်းပက်) သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမျှူးက စိမ်ကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက Pig Iron Melting Furnance ကို အောင်မြင်စွာ စမ်းသပ်လည်ပတ်နိုင်ခဲ့သည့်အတွက် စက်ရုံမှဝန်ထမ်းများနှင့် တာဝန်ရှိသူအားလုံးကို ဂုဏ်ပြုချီးကျူးပါကြောင်း၊ စိမ်ကိန်းပထမ အဆင့်ဖြစ်သည့် Romelt Plant ကို သတ်မှတ်ထားသောအချိန်၌ ပြီးစီးအောင်မြင်အောင် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်း ဆိပ်ကမ်းသို့ရောက်ရှိမည့် စက်ပစ္စည်းများကို စက်ရုံသို့အမြန်ဆုံးသယ်ယူနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရာတွင် အထူးအခြေအနေလိုအပ်သော စက်ပစ္စည်းများကို အချိန်မီသယ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ စိမ်ကိန်း ဒုတိယအဆင့်ဖြစ်သည့် စွန့်ပစ်အပူ (Waste Heat) မှ လျှပ်စစ်ထုတ်ယူမည့် Heat Recovery Plant ကို နောင်နှစ်ဘတ်ဂျက်တွင် ထည့်သွင်းလျာထား၍ ပြီးစီးအောင် ဆောင်ရွက်သွားစေလိုကြောင်း၊ ဘတ်ဂျက်တောင်းခံရာတွင်လည်း စိမ်ကိန်းနှင့်ပတ်သက်သည့်လျာထားချက်များကို အခိုင်အမာပြဆိုပြီး တောင်းခံနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ စိမ်ကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ နည်းပညာဆိုင်ရာ အခက်အခဲများကို ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ထားရန်လိုကြောင်း၊ ဝန်ထမ်းများခန့်ထားရေးနှင့်ပတ်သက်၍ တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ ခန့်ထားရန်၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသခံများကို ဦးစားပေးခန့်ထားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သံရိုင်းထုတ်လုပ်မည့် ကျောက်များအား ကြိတ်ခွဲနေသည့် Primary Sizing Plant နှင့် Secondary Sizing Plant သို့ လည်းကောင်း Lime and Dolomite Plant သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် စိမ်ကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော Iron Ore Plant သို့လည်းကောင်း၊ Core Plant သို့လည်းကောင်း၊ Romelt Plant သို့လည်းကောင်း၊ Pig Iron Casting Plant သို့လည်းကောင်း၊ Oxygen Plant သို့လည်းကောင်း၊ Main Step Down Substation (MSDS) သို့လည်းကောင်း၊ Heat Recovery Station သို့လည်းကောင်း၊ Water Supply Plant နှင့် Water Treatment Plant သို့လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆံတော်ရှင်ကျိုက်ထီးရိုး တောင်တက်ကားအသင်း နှစ်ပတ်လည်နေ့တွင် ဘုရားဖူးများအခမဲ့ ပို့ဆောင်ပေးမည်

ကျိုက်ထို နိုဝင်ဘာ ၂၂

ကမ္ဘာ့အံ့ဖွယ် ထူးခြားသည့်ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ပြည်တွင်း/ပြည်ပဘုရားဖူးများနှင့် နိုင်ငံတကာမှ လာရောက်ကြသောဘုရားဖူးပရိသတ်များ အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ရရှိစေရေး၊ သက်သောင့်သက်သာမှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးစသည့် ရည်ရွယ်ချက်များဖြင့် တောင်တက်မော်တော်ယာဉ်အသင်းကို ၂၀၁၅ ခုနှစ်ကစတင်ဖွဲ့စည်း ပြေးဆွဲပေးခဲ့သည်။

ယခုလာမည့် ဒီဇင်ဘာ ၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ နှစ်စဉ် တောင်တက်ကားအသင်း နှစ်ပတ်လည်နေ့၌ ဆံတော်ရှင်သို့ဘုရားဖူးလာပြည်သူများကို တောင်ပေါ်အရောက်မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးခြင်းကို တစ်နေကုန် ဆောင်ရွက်လျှုဒါန်းကြခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများကိုလည်း ပြုလုပ်လေ့ရှိခဲ့သည်။ တောင်ခြေရှိ စေးသူ/ စေးသားများကလည်း စုပေါင်းပါဝင်ကျွေးမွေးကာ စတုဒိသာအလှုမျှားနှင့် ရေသန့်ဘူး၊ အချိုရည်ဘူး၊ ပြက္ခဒိန်များပါ ဝေငှလျှုဒါန်းကြသောနိဗ္ဗာန်စျေးပွဲများလည်း ပြုလုပ်ကြကြောင်း သိရသည်။

လာမည့်ဒီဇင်ဘာ ၂ ရက်တွင် နှစ်စဉ်မပျက် တောင်တက်မော်တော်ယာဉ်အသင်း၏ နှစ်ပတ်လည်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

(၅၃၇)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်

လိပ်သို နိုဝင်ဘာ ၂၂

ကရင်ပြည်နယ် လိပ်သိုမြို့ ကျောက်တံခါးကျေးရွာ အူနဲ့ဖူလီကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် ဆောက်လုပ်လျက်ရှိသောအာရုံဦးစာကြည့်တိုက်ကို ဘားအံခရိုင် ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအာရုံဦးစာကြည့်တိုက်မှာ အလျားပေ ၃၀၊ အနံပေ ၂၀၀၊ အမြင့် ၁၀ ပေဖြင့် ဆောက်လုပ်ထားရာ ပြီးစီးမှုမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်သည်။ အဆိုပါစာကြည့်တိုက်ဆောက်လုပ်ပြီးစီးပါက စာကြည့်တိုက်ဖွင့်ပွဲနှင့်အတူ ကလေးဖတ် သုတ၊ ရသစာအုပ်များ၊ ဆိုလာပြားနှင့် လျှပ်စစ်ပစ္စည်းများ၊ ကျေးရွာနေပြည်သူများ အပန်းပြေ ဖျော်ဖြေပေးနိုင်ရန်အတွက် ရုပ်မြင်သံကြားပြစက်နှင့် 5 network အလှုရှင်လည်းလိုအပ်ကြောင်း ကျေးရွာစာကြည့်တိုက်ကော်မတီဝင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သမ္မတ ဦးသိန်းစိန်၏ သန့်ဌာန်ခိုင်မာစွာဖြင့် ဦးဆောင်ခဲ့မှုသည် မြန်မာပြည်သူများအတွက်သာမက အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းအတွက်ပါအကျိုးရှိစေမည့် ဒီမိုကရေစီနိုင်ငံသစ်ကို ဖော်ဆောင်ပေးနိုင်ခဲ့

မလေးရှားနိုင်ငံဝန်ကြီးချုပ် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် ဂုဏ်ပြုပြောကြား

ကွာလာလမ်ပူ နိုဝင်ဘာ ၂၂

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇက်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အခက်အခဲများကြားမှ ညင်သာချောမွေ့စွာ ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်မှုအပေါ် ချီးကျူးပါကြောင်း၊ သမ္မတ ဦးသိန်းစိန်၏ သန့်ဌာန်စိတ် ခိုင်မာစွာဖြင့် ဦးဆောင်ခဲ့မှုသည် မြန်မာပြည်သူများအတွက်သာမက အာဆီယံဒေသနှင့် နိုင်ငံတကာအသိုက်အဝန်းအတွက်ကိုပါ အကျိုးရှိစေမည့် ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း ဂုဏ်ပြုပြောကြားခဲ့သည်။

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇက်က မိန့်ခွန်းပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇက် ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ထံ အာဆီယံဥက္ကဋ္ဌ၏ အဆောင်အယောင် တူဝယ်ကိုလွှဲပြောင်းပေးအပ်သည်။ **(အောက်ယာပုံ)** ယင်းနောက် ၂၀၁၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအို နိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခဲ့ပြီး လာအိုနိုင်ငံ၏ အာဆီယံ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသ၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

အာဆီယံ-နယူးဇီလန်၊ အရှေ့အာရှ၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ကိုရီးယားနှင့် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများကျင်းပ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-နယူးဇီလန် နှစ် (၄၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့တွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အာဆီယံ-နယူးဇီလန် နှစ် (၄၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၇)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၇) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အာဆီယံ-နယူးဇီလန် နှစ် (၄၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကိုကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ် နှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးတို့က မိန့်ခွန်းပြောကြားကြသည်။

အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်နှင့် Forging Ahead Together အာဆီယံ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူကြေညာချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်နှင့် Forging Ahead Together ဟူသည့် အာဆီယံ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူ ကြေညာချက်တို့အား လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်၍ ကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ Comprehensive

စာမျက်နှာ ၉ သို့

(၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

(၁၀)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

Comprehensive Economic Co– operation Between ASEAN and the People's Republic of China ပူးတွဲထုတ်ပြန်ချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

စာမျက်နှာ ၈ မှ

Economic Co– operation Between ASEAN and the People's Republic of China ပူးတွဲထုတ်ပြန်ချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် (၁၀)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် အရှေ့အာရှနိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံအကြီးအက၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင်(၁၈)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ (၁၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးကို ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ပတ်ဂွန်ဟေးတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် (၇) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကိုကျင်းပရာမလေးရှား နိုင်ငံဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

(၁၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၁) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်နှင့် သံဃာတော်ကိုးပါး၊ ပျဉ်းမနားမြို့ ဓမ္မာစရိယစာသင်တိုက်မှ သံဃာတော်ကိုးပါး စုစုပေါင်း ၁၉ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ် တပ်နယ်ဝတ်အသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဝတ်အသင်းအဖွဲ့ဝင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို အစီအစဉ်ရှစ်ရပ်ဖြင့်ကျင်းပခဲ့ပြီး ကြွရောက်လာသော သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၇၁) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်တိုင်ကျင်းပသွားမည်ဖြစ်၍ ကြွရောက်ကြည်ညြို ပူဇော်နိုင်ကြပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းတန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲစည်ကားစွာ ကျင်းပရေးစတင်

ညောင်တုန်း နိုဝင်ဘာ ၂၂

ညောင်တုန်းမြို့၌ အထင်ကရ ပွဲတော်အဖြစ် လွန်ခဲ့သော ၁၉၅၈ ခုနှစ်ခန့်မှ စည်ကားခမ်းနားစွာ ကျင်းပခဲ့သော တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားမြို့တွင်း လှည့်လည် ဒေသစာရီကြွချီပူဇော်ပွဲ ကျင်းပနိုင်ရန်အတွက် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီက နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များကို ညောင်တုန်းမြို့မဟာ ဝိသုတာရာမတိုက်သစ်ကျောင်းမှ ဗဟိုမဏ္ဍပ်သို့ စတင်ပင့်ဆောင်ကြသည်။

ဗဟိုမဏ္ဍပ်၌ ကိန်းဝပ်စံပါယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များကို နိုဝင်ဘာ ၂၄ ရက် နံနက်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို အနေကဇာတင်ပြီး သံဃာတော် ၁၁ ပါးကို အရှင်ဏာဆွမ်းများ ဆက်ကပ်မည်ဖြစ်သည်။

ထို့နောက် နှစ်ကျိပ်ရှစ်ဆူဘုရားများကို ရပ်ကွက်အလိုက် မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်နိုင်ရေးအတွက် ရပ်ကွက်စံကျောင်းများသို့ ပင့်ဆောင်ကြမည်ဖြစ်သည်။

တန်ဆောင်မုန်း လပြည့်နေ့ညတွင် ရပ်ကွက်အသီးသီးက ပင့်ဆောင်လာသော နှစ်ကျိပ်ရှစ်ဆူဘုရားများ အနောက်ပိုင်းဘက်သို့လည်းကောင်း၊ လပြည့်ကျော် ၁ ရက်နေ့ ညတွင် အရှေ့ပိုင်းဘက်သို့ လည်းကောင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ကြမည်ဖြစ်သည်။

နေလင်း(ညောင်တုန်း)

ဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့်မွေးနေ့ကို တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၂၂

မြန်မာစာပေစာနယ်ဇင်းလောက၏ မီးရှူးတန်ဆောင် သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ် (၁၀၀) ပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပမြဲဖြစ်သော အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အမေ့ရဲ့အသက်(၁၀၀)ပြည့်မွေးနေ့ဖြစ်တဲ့ နိုဝင်ဘာ ၂၉ ရက်မှာ အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်မှာ သံဃာတော်တွေကိုနေ့ဆွမ်းကပ်ပြီး အနယ်နယ် အရပ်ရပ်ကလာရောက်ကြတဲ့ စာပေသမားတွေကို နေ့လယ်စာနဲ့ ဧည့်ခံပါမယ်။ ရာပြည့်အထိမ်းအမှတ် စာအုပ်နဲ့ အမှတ်တရပစ္စည်းတွေကိုလည်း ထုတ်ဝေသွားဖို့ ရှိပါတယ်" ဟု သားဖြစ်သူ ဆရာညီပုလေးက ပြောသည်။

လူထုဒေါ်အမာ၏ မွေးနေ့အထိမ်းအမှတ်ကို တပည့်သားမြေးများက ကြည်ညြိုလေးစားသမှုဖြင့် ဆရာမကြီး၏ အသက် (၇၀) ပြည့်နှစ်မှစတင်၍ တောင်လေးလုံးကျောင်းတိုက်တွင် နှစ်စဉ် အစဉ်အလာမပျက် နိုဝင်ဘာ ၂၉ ရက်ရောက်တိုင်းကျင်းပခဲ့ကြပြီး ယခုနှစ် ရာပြည့် အထိမ်းအမှတ်အတွက် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလခန်းမ၌ အမှတ်တရအခမ်းအနားများကျင်းပသွားမည်ဖြစ်ကြောင်း ဆရာဆုးဌက်က ပြောသည်။

"ဒေါ်ဒေါ်ရဲ့မွေးနေ့မှာ အနယ်နယ်အရပ်ရပ်က အထက်အောက်စာပေသမားတွေ လာရောက်ကြတဲ့အတွက် အချင်းချင်းတွေ့ဆုံပြီး စာပေကိစ္စတွေ ဆွေးနွေးကြ၊ မွေးနေ့အမှတ်တရစကားတွေပြောကြတဲ့ ပွဲလေးပါပဲ။ ဒီနှစ်မှာတော့ နိုဝင်ဘာ ၂၆ ရက်မှာ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လူထုဒေါ်အမာရဲ့ ဘဝဖြတ်သန်းမှု စာအုပ်၊ ဓာတ်ပုံနဲ့ ပန်းချီပြပွဲတွေ ခင်းကျင်းပြသမယ်။ အဲဒီညဆုနှစ်နာရီမှာပဲ ဒေါ်ဒေါ်ရဲ့ အလွန်ထင်ရှားကျော်ကြားခဲ့တဲ့ "ပြည်သူ့ချစ်သော အနုပညာသည်များ" စာအုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ "ပြည်သူ့ချစ်သော လူထုဒေါ်အမာနှင့် အနုပညာသည်များ" ဆိုတဲ့ခေါင်းစဉ်နဲ့ ကျွန်တော်က ဟောပြောမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဟောပြောပွဲတွင် ပြည်သူ့ချစ်သောအနုပညာရှင်များစာအုပ်မှ ပညာရှင်ကြီး ရှစ်ဦးဖြစ်သော မထွေးလေး၊ ရုပ်သေးမင်းသမီး ဆရာပုကြီး၊ မြခြေကျင်းမင်္ဂေမြိုင်၊ ကောလိပ်စိန်၊ စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ လေဘာတီမမြရင်၊ မြို့မငြိမ်းတို့၏ အနုပညာရပ်များကို မမြတင်သိန်း၊ အကပညာရှင် ဒေါ်ခင်ဝင်းနွယ်၊ ပန်ဣာဌေးဌေးမြင့်၊ မင်းသားအောင်၊ တွယ်တာတုန်နှင့် မြို့မတူရိယာအသင်းကြီး၏ ပင်တိုင်အဆိုတော်တို့က သီချင်း ၁၂ ပုဒ်ဖြင့် မြို့မတူရိယာအသင်းကြီးနှင့် ရွာစားစိန်တင့်လွင် အဖွဲ့တို့နှင့်အတူ သီဆိုကပြတီးမှုတ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့အပြင် နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ရာပြည့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲများကို မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကဗျာ ၁၀၀၊ ဆောင်းပါး ၁၀၀ ပါဝင်သောစာအုပ်များ ထုတ်ဝေသွားမည်ဖြစ်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ကျရောက်သော နှစ် (၁၀၀)ပြည့်မွေးနေ့ကို အစဉ်အလာအတိုင်း တောင်လေးလုံးကျောင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်သည်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာကို ၁၉၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့ ဂုန္တန်ရပ်၌ မွေးဖွားခဲ့ပြီး မြန်မာပြည်လွတ်လပ်ရေး လှုပ်ရှားမှု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်၍ မြန်မာစာပေလောက၏ မီးရှူးတန်ဆောင်အဖြစ် ပြည်သူ့ချစ်သော စာပေပညာရှင်အဖြစ် ရပ်တည်ခဲ့သည်။

ဆရာမကြီး လူထုဒေါ်အမာသည် အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများကိုရေးသားခဲ့ပြီး ကြီးပွားရေးမဂ္ဂဇင်း၌ ကလောင်အမည် ခင်လင်း၊ မြမဉ္ဇူတို့ဖြင့်လည်းကောင်း၊ အခြားကလောင်ခွဲများမှာ ဇမ္ဗူဒီပါအောင်ထွန်း၊ ဖခင်အောင်နိုင်၊ ဖိုးသာအောင်၊ အမာ၊ အမာ(တက္ကသိုလ်သပိတ်မှောက်ကျောင်းသူ)၊ အင်းလျားကျောင်းဆောင်သူ တစ်ဦး ကလောင်အမည်များဖြင့် စာပေတာဝန်ထမ်းဆောင်ခဲ့သည်။

ထင်ရှားသောစာအုပ်များမှာ မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုအခင်းများ (၁၉၃၈)၊ စန္ဒမာလာ(၁၉၄၀)၊ ပြည်သူ့ချစ်သောအနုပညာသည်များ(၁၉၆၄)၊ ဘဝချင်းမတူသည့် တရုတ်ပြည်(၁၉၆၆)၊ အောင်ဗလ ဖိုးစိန်စိန်ကတုံး(၁၉၆၇)၊ ရွှေရိုးဦးဘကလေး(၁၉၆၉)၊ ရွှေမန်းတင်မောင်(၁၉၇၀)၊ အငြိမ့်(၁၉၇၃)၊ ရွှေဒေါင်းတောင်ဆောင်းပါးများ (၁၉၇၅)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း(၁၉၇၆)၊ အာဖရိကဝတ္ထုတိုများ(၁၉၈၉)၊ မန္တလေးသူ မန္တလေးသားများ(၁၉၉၁)၊ ထိုင်းဝတ္ထုတိုများ (၁၉၉၂)၊ ထိုင်းဝတ္ထုတိုများ(၂) (၁၉၉၃)၊ ရတနာပုံ မန္တလေး ကျွန်မတို့ မန္တလေး(၁၉၉၃)၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ(၁၉၉၄)၊ ကျွန်မတို့ ငယ်ငယ်က (၁၉၉၄)၊ အမေ့ရှေးစကား(၁၉၉၇) တို့ ဖြစ်ကြသည်။

မြန်မာ့စာပေစာနယ်ဇင်းလောက၏ မီးရှူးတန်ဆောင်ဖြစ်သူ ဆရာမကြီး လူထုဒေါ်အမာသည် အသက်(၉၃)နှစ်အရွယ် ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် အသက်(၁၀၀)ပြည့်မွေးနေ့ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည်(၅၀၅)နှစ်ပြည့် ပွဲတော်အထိမ်းအမှတ် ရေဆေးပန်းချီပြိုင်

တောင်ငူ နိုဝင်ဘာ ၂၂

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် ပွဲတော်အထိမ်းအမှတ် ရေဆေးပန်းချီပြိုင်ပွဲကို ဗိုလ်မျူးဖိုးကွန်းလမ်း ဝင်းရုပ်ရှင်ရုံ နေရာဟောင်း၌ နိုဝင်ဘာ ၂၂ ရက် ကကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့် ၁၆ ဦးနှင့် အလွတ်တန်းအဆင့် နှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုနှစ်ဆုတို့ ချီးမြှင့်မည်ဖြစ်ကာ ဆုရရှိသူများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ယင်းနေ့တွင် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့်ပွဲတော်အထိမ်းအမှတ် ပန်းချီပန်းပုပြပွဲနှင့် ရတုမြေမဂ္ဂဇင်းရောင်းချပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

လူထုဒေါ်အမာ နှစ် (၁၀၀)ပြည့် မွေးနေ့ကျင်းပနိုင်ရေး မန္တလေးသတင်းစာဆရာများမှ စာနယ်ဇင်းရှင်းလင်း

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးရွှေမြို့တော်ကြီးမှ သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ် (၁၀၀) ပြည့် မွေးနေ့အထိမ်းအမှတ် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၂၁ ရက်နံနက်က မန္တလေး လူထုနေအိမ်၌ကျင်းပရာ တရားလွတ်တော်ရှေ့နေ ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားပြီး မိသားစုဝင် ဆရာညီပုလေးက ကျင်းပမည့်အစီအစဉ်များကို ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုရ ဆရာဆုးဌက်က ပြည်သူ့ချစ်သော လူထုဒေါ်အမာနှင့် အနုပညာသည်များကို သရုပ်ပြဟောပြောမှုအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မန္တလေးမြို့မှ စာနယ်ဇင်းသမားများက ပွဲဖြစ်မြောက်ရေးအတွက် အစီအစဉ်များနှင့် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မော်ဒယ်များ ပုဂံဝတ်စုံများဖြင့် ပွဲစဉ်များပြသမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေဖြစ်သော ပုဂံရှိ ရွှေစည်းခုံဘုရားပွဲတော် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ပွဲစဉ်(၁၁)၌ မြန်မာ့ယဉ်ကျေးမှု ပုဂံဝတ်စုံများဖြင့် ပွဲစဉ်အမှတ်များကို မော်ဒယ်သရုပ်ဆောင်များဖြစ်ကြသော နန်းဝေဝေထွန်း၊ ဇွန်သဏ္ဌာ၊ ဇာဇာထက်၊ မုံနုံသာတို့က နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် လှည့်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ ပုဂံဝတ်စုံနဲ့ပွဲစဉ်တွေကို အမှတ်စဉ်လျှောက်ပြကြရမယ်ဆိုတာ မြန်မာ့ယဉ်ကျေးမှုကိုပြသချင်လို့ပါ။ ပုဂံဝတ်စုံနဲ့လည်းတစ်ခါမှ မလျှောက်ခဲ့ဖူးဘူး။ ပထမဆုံးလျှောက်ပြတာဖြစ်ပါတယ်။ လက်ဝှေ့ကိုလည်းဝါသနာပါတယ်၊ မြန်မာ့လက်ဝှေ့က ပုဂံခေတ်မတိုင်ခင်က ရှိတယ်ဆိုတော့စိတ်ဝင်စားမိတယ်။ ရိုးရာလက်ဝှေ့ကိုလည်း မပျောက်စေချင်ဘူး။ လက်ဝှေ့ပွဲတွေများများလုပ်ရင် နိုင်ငံတကာကလည်း သိလာနိုင်တယ်။ ဒါမှ လက်ဝှေ့အကျော်အမော်တွေ ပေါ်ထွက်လာနိုင်မှာပါ"ဟု မော်ဒယ်နန်းဝေဝေထွန်းက ပြောသည်။ **(ယာပုံ)**

ယင်းပြိုင်ပွဲတွင် ဇော်ချစ်အောင်(စွမ်းကေကေ)နှင့် ကျားဗဟိန်း(အလင်းရောင်)၊ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် နေနေ(ခ)သားအသည်းတစ်ပွင့်(စွမ်းကေကေ)၊ ပထမတန်းလက်ဝှေ့ကျော်စောဂေါ်မူတို(သတ္တိ)နှင့် ရွှေခါးပတ်ချန်ပီယံဒေါနအောင် (အဖြူရောင်သွေးသစ်)တို့က ငါးချီစိန်ခေါ်ပွဲများ၊ ထယ်ကြီး(S.T.L) နှင့်သျှင်ရဲထွန့် (အဖြူရောင်သွေးသစ်)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဆင်ရိုင်းလေး(ရွှေသောင်းရင်း)တို့က လေးချီပွဲများ၊ သူရလိပ်(စွမ်းကေကေ)နှင့် နဂါးမောင်(အဖြူရောင်သွေးသစ်)၊ ထော့ဖဆိတ်(သတ္တိ)နှင့် လင်းယုန်မောင်မောင်(စွမ်းကေကေ)၊ ရန်တိုင်းအောင်(အလင်းရောင်)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)၊ ဒိုးလေး(အဖြူရောင်သွေးသစ်)နှင့် နိုင်လင်းထွန်း(နဂါးမာန်) တို့က သုံးချီစိန်ခေါ်ပွဲများ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အထူးမြန်မာ့ရိုးရာလက်ဝှေ့သရုပ်ပြပွဲတွင် ရွှေခါးပတ်ချန်ပီယံဟောင်း ရွှေဝါထွန်း(ရွှေသောင်းရင်း)နှင့် မြန်မာပြည်ချန်ပီယံဟောင်း လုံးချော(သတ္တိ)တို့က မြန်မာ့ရိုးရာလက်ဝှေ့ထိုးလုံးထိုးပေါက်ခြေကန်ချက်များကို သရုပ်ပြသွားမည်ဖြစ်ပြီး ဒိန်းမတ်နိုင်ငံသားနီကိုလိုင်း(သတ္တိ)က မြန်မာ့ရိုးရာလက်ဝှေ့ရေးပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Air KBZ က အဓိကကူညီထောက်ပံ့ကာ မြန်မာမီဒီယာဂရု(ဖ)က စီစဉ်၍ ဝင်ကြေးရိုးရိုးတန်း ငွေကျပ် ၂၀၀၀မှ ငွေကျပ် ၅၀၀၀ သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဒလ (ရန်ကုန်)သို့ တိုက်ရိုက်သွားရောက်နိုင်မည့် မော်ကျွန်း-ကျွဲခြံရေကျော် မြစ်ကူးတံတားတည်ဆောက်နေ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၂

မော်လမြိုင်ကျွန်း-ဘိုကလေး-ဖျာပုံ-ဒလ(ရန်ကုန်) အဝေးပြေးမော်တော်ကားလမ်းတွင်အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံရေကျော် မြစ်ကူးတံတားကိုတည်ဆောက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က ကျွဲခြံရေကျော် မြစ်ကူးတံတား တည်ဆောက်ပြီးစီးမှုကို တွေ့မြင်ရသည်။

ယင်းကျွဲခြံရေကျော်မြစ်ကူးတံတားတည်ဆောက်ပြီးစီးသွားပါက ဒေသခံမော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများအနေဖြင့် မော်လမြိုင်ကျွန်း-ဘိုကလေး-ဖျာပုံအဝေးပြေးမော်တော်ကားလမ်းမှ ဒလ(ရန်ကုန်)သို့ အချိန်တိုတိုဖြင့် ဆက်သွယ်သွားရောက်နိုင်မည့်အပြင် ဘိုကလေးမြို့နယ် ကဒုံကနိ-ဧရာပင်လယ်ပိုင်းဒေသများနှင့် ပင်လယ်ပိုင်းကျေးရွာများသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ပြီး ပင်လယ်ထွက်ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းများပါ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါမော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများသည် လက်ရှိမော်လမြိုင်ကျွန်း- မအူပင်- ရန်ကုန် လမ်းတစ်သွယ်ဖြင့် ရန်ကုန်မြို့သို့ သွားလာလျက်ရှိပြီး ကျွဲခြံရေကျော်မြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလ(ရန်ကုန်) လမ်းတစ်သွယ် စုစုပေါင်း လမ်းနှစ်သွယ်တို့ဖြင့် ရန်ကုန်မြို့သို့ မော်လမြိုင်ကျွန်းမြို့နယ် ခရီးသွားပြည်သူများ အချိန်တိုတိုဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် နိုဝင်ဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဧလ)**

ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မှုကြောင့် အိမ်ခြေ ၁၅ လုံး မီးသင့်

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ယ)ရပ်ကွက် ၅၈ လမ်း အရှေ့ဘက် ပန်းရံတော်ချောင်းဘေး အောင်နိုင်ထွန်း(ခ)သျှားညို၏ နေအိမ်၌ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လျှပ်စစ်မီးဖိုအသုံးပြုရာမှ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းရာ နေအိမ်စုစုပေါင်း ၁၅ လုံးခန့် ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၈ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၈၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြပြီး မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကူညီဆောင်ရွက်ပေးကြပြီး မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသော အိမ်ထောင်စုများမှ မိသားစုဝင် ၇၄ ဦးအား (ယ)ရပ်ကွက် ၅၈ လမ်း ပန်းရံတော်ချောင်းဘေးရှိ သုခမာလာခမ္မာရုံ၌ ယာယီစခန်းဖွင့်ကာ စောင့်ရှောက်ထားကြောင်း သိရသည်။

မီးလောင်မှုအတွက် အောင်နိုင်ထွန်း(ခ) သျှားညိုကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နက်ဝပ်ချိတ်ဆက်မှုအားကောင်းရန် ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင် INTERNET NETWORK ချိတ်ဆက်မှုအားကောင်းစေရန်အတွက် ပထမဆုံးအကြိမ် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ JASMINE PALACE HOTEL တွင် နိုဝင်ဘာ ၂၁ ရက်မှစတင်၍ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြည်တွင်းမှ အိုင်တီပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် MYANMAR NETWORK OPERATOURS GROUP (MMNOG) က ကြီးမှူးကျင်းပခြင်းဖြစ်သည်။

"ပြည်တွင်းမှာ အော်ပရေတာတွေရှိတယ်။ ဖုန်းခေါ်ဆိုမှုအနေနဲ့ အချင်းချင်းချိတ်ဆက်မှုတွေရှိနေတော့ အဆင်ပြေတယ်။ ဒါပေမယ့် အင်တာနက်ကျတော့ တစ်ယောက်နဲ့တစ်ယောက် တိုက်ရိုက်ချိတ်ဆက်ထားတာ မရှိသေးဘူး။ တခြားကနေ သွယ်ဝိုက်တဲ့နည်းနဲ့ အသုံးပြုနေရတယ်။ အသုံးပြုတဲ့အခါမှာ လည်းတစ်ဆင့်ခံဖြစ်နေတော့ သုံးစွဲမှုနှုန်းထားတွေလည်း ကြီးမြင့်ပါတယ်။ ဒါကြောင့် အော်ပရေတာတွေ အကုန်လုံးစုပြီး တစ်ခုနဲ့တစ်ခုချိတ်ဆက်မိအောင်၊ မြန်ဆန်လာအောင်၊ ဈေးလည်းသက်သာလာအောင်ဆိုတဲ့ အစီအစဉ်နဲ့ပြည်တွင်းပြည်ပအိုင်တီပညာရှင်တွေကို အကူအညီတောင်းပြီး အခမဲ့ပြုလုပ်ခဲ့တာပါ" ဟု အဆိုပါပွဲ စီစဉ်မှုတွင် ပါဝင်သူ အိုင်တီပညာရှင် ကိုဘုန်းမြင့် ကပြောသည်။

အဆိုပါပွဲနှင့်ပတ်သက်၍ HUAWEI ကုမ္ပဏီမှ NETWORK အင်ဂျင်နီယာ ကိုထွဋ်တင်နိုင်ကလည်း "ကျွန်တော်ကတော့ လူငယ်အင်ဂျင်နီယာအနေနဲ့ လာတက်တာပါ။ ဆွေးနွေးမှု အပိုင်းအနေနဲ့ နည်းပညာပိုင်းတွေကို အသေးစိတ်ဆွေးနွေးကြတယ်။ ဂျူနီယာ အင်ဂျင်နီယာတွေလည်းပါတော့ ဒီလိုပွဲမျိုး၊ အဖွဲ့အစည်းမျိုးတွေ ရှိသင့်တာကြာပြီ"ဟု ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲကို ပြည်တွင်းအော်ပရေတာများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ဝန်ထမ်းများနှင့် အိုင်တီဝါသနာပါသူ ၂၀၀ ကျော် လာရောက်လျှောက်ထားခဲ့သော်လည်း သတ်မှတ်ထားသည့်အိုင်တီပညာ အဆင့်တစ်ခုအထိ တတ်မြောက်ထားသူ ၄၀ ကိုသာ လက်ခံခဲ့ပြီး သင်တန်းနှစ်ခုခွဲ၍ ဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

ဗီယက်နမ်ပိတ်ခေါ်ပြိုင်ပွဲ မြန်မာ ယူ-၂၁ အသင်း ရှုံးနိမ့်

ဟိုချီမင်း နိုဝင်ဘာ ၂၂

ဗီယက်နမ်ယူ -၂၁ ဖိတ်ခေါ်ပြိုင်ပွဲအုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းမှာ တောင်ကိုရီးယား ယူ-၁၉ အသင်းကို နှစ်ဝိုး-ဝိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၁ အသင်းမှာ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းမှာ ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် အနိုင်ဂိုးတစ်ဝိုးစီ သွင်းယူခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားယူ-၁၉ အသင်းမှာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သောကြောင့် ဆီမီးတက်သွားပြီဖြစ်သည်။

မြန်မာအသင်းမှာ နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် ဟောင်အန်းဂယ်လိုင် ယူ-၂၁ အသင်းနှင့် ကစားရမည်ဖြစ်ပြီး နှစ်သင်းစလုံးရှုံးပွဲကြုံတွေ့ထားသည့် အသင်းဖြစ်သည်။ မြန်မာအသင်းမှာ ဆီမီးတက်ရန်၊ နိုင်ပွဲရရှိရန် လိုအပ်နေပြီး ရှုံးနိမ့်ခဲ့ပါက အဆင့်ငါးနေရာ လုပွဲသာကစားရမည်ဖြစ်သည်။

ရဲရင့်ရွှင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း ရဲကျော်သူတပ်ခွဲ သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၈၀/၂၀၁၄) ရဲကျော်သူတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ရဲကျော်သူတပ်ခွဲမှ အကောင်းဆုံးကျောင်းသားဆု၊ လေ့ကျင့်ရေးထူးချွန်ဆု၊ ဥပဒေဘာသာရပ် ထူးချွန်ဆု၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုနှင့် ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ရဲတပ်ဖွဲ့က သတင်းများကိုထုတ်ပြန်ပေးခြင်း၊ အသိပညာပေးပြောကြားနေခြင်းထက် ပြည်သူလူထုထံကတင်ပြမှုများ၊ အွန်လိုင်းတွင် မျှဝေနေမှုများကို ပြန်လည်စိစစ်ပြီး အရေးယူဖြည့်ဆည်းပေးနေရသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့နှင့် မီဒီယာတို့အကြား မှုခင်းဆိုင်ရာ ကြိုတင်ကာကွယ်တားဆီးရေးအတွက် သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးကို တိုးမြှင့်ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် မှုခင်းဖြင့်အလိုရှိသူများ၊ ပြစ်မှုကျူးလွန်ရန် အလားအလာရှိသူများကို စောင့်ကြပ်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြည်သူလူထု တည်ငြိမ်အေးချမ်းစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အကူအညီပေးစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

ရွှေကောက်ပွဲလွန်ကာလတွင်လည်း နိုင်ငံနှင့်အဝန်းတည်ငြိမ်အေးချမ်းချောမွေ့စေရေးအတွက် တရားဥပဒေစိုးမိုးရေးအား ထိထိရောက်ရောက် အလေးထားပြီး တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အတွက် ရရှိခဲ့သည့် ရလဒ်ကောင်းများအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အတွက် အရေးကြီးသည့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် အားကြိုးမာန်တက် ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၈၀/၂၀၁၄)ရဲကျော်သူတပ်ခွဲသို့ တပ်တွင်းဘွဲ့ရအမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၀၂ ဦး စုစုပေါင်း ၂၈၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ငွေကျပ်သိန်း ၁၀၀ ပေးအပ်

ကျောင်းကုန်း နိုဝင်ဘာ ၂၂

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖြစ် မီးသင်ကြိုတ်စက် ဆောက်လုပ်ရန် ငွေကျပ် ၃၅ သိန်း၊ အမှတ်(၂)ရပ်ကွက် မင်းရဲကျော်စွာလမ်း ကွန်ကရစ်လမ်းခင်းရန် ငွေကျပ် သိန်း ၄၀၊ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း ကွန်ကရစ်ခင်းရန် ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ကသက်ဆိုင်ရာ တာဝန်ရှိသူများလက်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဗီးပွိုင့်၌ ဆိုင်ကယ်ဖြင့်ရပ်နေသူကို ထိုးကြိတ်ပြီး ပစ္စည်းလုယူသူများအားဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ နေမင်းအောင်(၂၉ နှစ်)သည် နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်က ၎င်းပိုင် ၄၅ယ/----- Super Anbo Star-125 ဆိုင်ကယ်ဖြင့် ၆၂ လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာပြီး (၆၂×၃၅)လမ်းဆုံ မီးပွိုင့်အရောက် မီးပွိုင့်မီးနီမိ၍ ရပ်စောင့်နေစဉ် နောက်မှ Cyclone ဆိုင်ကယ်ဖြင့် လူငယ်သုံးဦးရောက်ရှိလာကာ နေမင်းအောင်အား ဝိုင်းဝန်းထိုးကြိတ်၍ လွယ်ထားသည့် ကျောပိုးအိတ်နှင့် ဆိုင်ကယ်ကိုလုယူသဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခဲ့သည်။

ထိုစဉ် လှည့်ကင်းဆောင်ရွက်နေသည့် အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး အနီးရှိ ပြည်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဇင်မျိုးထိုက်(၁၉ နှစ်)၊ ကောင်းမြတ်သူ (၂၂ နှစ်)နှင့် ဇော်မင်းထွန်း(၃၀ နှစ်)တို့အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

သားဖြစ်သူကို အနိုင်ကျင့်သူနှစ်ဦးအား ဖခင်ဖြစ်သူကဓားဖြင့်ခုတ်

မင်းလှ နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ဆင်မကျကျေးရွာအုပ်စု ဆင်မကျကျေးရွာအနီး ဧကရာဇ်ရေနံမှော်၌ နိုဝင်ဘာ ၂၁ ရက် ညနေ ၅ နာရီက သားဖြစ်သူအား အနိုင်ကျင့်သူနှစ်ဦးကို ဖခင်ဖြစ်သူက ဓားဖြင့်ခုတ်သတ်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧကရာဇ်ရေနံမှော်၌ အလုပ်လုပ်ကိုင်နေသော မင်းလှမြို့နယ် ကျောက်ပုံကျေးရွာနေ ဒေါ်သန်းအေး(၆၈နှစ်)သည် နေအိမ်တဲအတွင်း၌ရှိနေစဉ် အတူနေသားဖြစ်သူ စိန်မင်း(၃၇ နှစ်)မှာ ဒဏ်ရာများဖြင့် နေအိမ်တဲသို့ ပြေးလာသည်ကိုတွေ့ရသဖြင့် မေးမြန်းရာ ၄၄နှင့်အတူ ဧကရာဇ်ရေနံမှော်နေသူ သန်းမင်း(၂၇နှစ်)တို့သည် လူမနေသောတဲတွင် အရက်အတူသောက်နေစဉ် ဝင်းမင်းခိုင်(၁၃ နှစ်)အား လေးခွဖြင့်ပစ်၍ အနိုင်ကျင့်ခဲ့ကြောင်း၊ ထိုသို့အနိုင်ကျင့်မှုကို ဝင်းမင်းခိုင်၏ဖခင်ဖြစ်သူ ဖိုးခိုင် (၃၇နှစ်)က မကျေနပ်၍ ရုတ်တရက် ရောက်ရှိလာကာ ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ ယင်းသို့ဓားဖြင့် ခုတ်မှုကြောင့် စိန်မင်းတွင် ဒဏ်ရာများ ရရှိပြီး သန်းမင်းမှာ ဒဏ်ရာများရရှိကာ နေရာ၌သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးခိုင်အား အရေးယူပေးရန် ဒေါ်သန်းအေးက တရားလိုပြုလုပ်တိုင် တန်းသဖြင့် မင်းလှမြို့နယ် ရေနံမှော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

မောင်ညီညာ(မြေလတ်)

မင်းလှ၌ ဆိုင်ကယ်တိမ်းမှောက်၊ နှစ်ဦးသေဆုံး

မင်းလှ နိုဝင်ဘာ ၂၂

သာယာဝတီခရိုင် မင်းလှမြို့နယ် ကြို့ကုန်း(၁)အုပ်စု မြောက်ကြို့ကုန်းကျေးရွာ မင်းလှ-မိုးညိုကားလမ်း မိုင်တိုင်အမှတ်(၃/၃)နှင့် (၃/၄)အကြား၌ နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီခွဲက ဆိုင်ကယ်တိမ်းမှောက်၍ လူနှစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

မင်းလှမှ မိုးညိုသို့ ဇော်လင်းထက်(၂၂ နှစ်)နှင့် နောက်မှလိုက်ပါသူ ကျော်စွာလင်းတို့ မောင်းနှင်လာသော ဟွန်ဒါ 110 ၃ယ/----- ဆိုင်ကယ်မှာ အရှိန်လွန်ပြီး မင်းလှ-မိုးညိုကားလမ်း၏ ညာဘက်သို့ ဆိုင်ကယ်ထိုးကျတိမ်းမှောက်မှုကြောင့် ဇော်လင်းထက်နှင့် ကျော်စွာလင်းတို့မှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။ အမှုနှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ပေါက်စ(ပြန်/ဆက်)

စုစုပေါင်း ကျပ် ၁၆ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်များ ကွင်းဆက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် နိုဝင်ဘာ ၂၂

မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၁ ရက်က ပင်လောင်း-မော်ဘီသွားကားလမ်း မိုင်တိုင်အမှတ်(၄၂/၃) အနီးတွင် ပင်လောင်းဘက်မှ မော်ဘီဘက်သို့ သူရဝင်း မောင်းနှင်ပြီး မောင်မောင် လိုက်ပါလာသည့် ယာဉ်အမှတ် SHN 2D/---- SURF မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းညိုမှုန့် ၄၈၂ ကီလို (တန်ဖိုးငွေကျပ်သိန်း ၄၈၂၀၀)၊ မြန်မာငွေကျပ်သိန်း ၂၀၊ ပွိုင့် ၂၂ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ယင်းကျည် ၁၃ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ သူရဝင်း၊ မောင်မောင်၊ မနန်းမြစိန်(ခ)လီရှောက်ကျန်၊ စိုင်းသိန်းအောင်(ခ) စိုင်းဆမ်နှင့် စိုင်းလှအောင်တို့ ငါးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူ မောင်မောင်နေထိုင်သော အေးသာယာမြို့ အမှတ်(၈) ရပ်ကွက် နယ်မြေ (၅-က) သဇင်လမ်း အမှတ် (၁၃/၁၆)နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ မနန်းမြစိန် (ခ)လီရှောက်ကျန်အား တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ အိုက်စ်အလေးချိန် ကီလို ၄၅၀ (တန်ဖိုးငွေကျပ်သိန်း ၁၁၂၅၀၀) ကိုလည်း ကောင်း၊ ကားဂိုဒေါင်အတွင်း ရပ်ထားသော PAJERO မော်တော်ယာဉ် ပေါ်မှ ငွေကျပ်သိန်း ၁၀၀ နှင့် ပွိုင့် 32 REVOLVER ကျည် ၂၅ တောင့်၊ ပွိုင့် ၃၈ စပါယ်ရှယ်ကျည် ၁၁ တောင့်၊ ၇ ဒသမ ၆၅ အမျိုးအစားကျည်သုံးတောင့်တို့ကို လည်းကောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်အမှတ် ၈၁/---- NIDI-12 Wheel Truck မော်တော်ယာဉ်တစ်စီးကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ စိုင်းသိန်းအောင်(ခ)စိုင်းဆမ် နေထိုင်သော တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် နယ်မြေ(၁၆) ပတ္တမြားလမ်း အမှတ် (၁၆၄)နေအိမ်ကို ရှာဖွေရာ စိုင်းသိန်းအောင် နှင့် တန့်ယန်းမြို့နယ် လောင်းလုံကျေးရွာနေ စိုင်းလှအောင် အားတွေ့ရှိပြီး အိပ်ခန်းအတွင်းမှ ခပ်ပုံ(အဆင့်နိမ့်ဘိန်း)၀ ဒသမ ၀၀၉ ကီလို၊ စိုင်းသိန်းအောင်(ခ)စိုင်းဆမ် ထံမှ ငွေကျပ် ၄ ဒသမ ၆၃ သိန်း၊ လက်ကိုင်ဖုန်းနှစ်လုံး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်တစ်စီး၊ စိုင်းလှအောင် ထံမှ ငွေကျပ် ၄ ဒသမ ၇၅ သိန်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂၁ ရက်က ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာတောင်ခြေတွင် တွေ့ရှိသူ စောမောင်မဲနှင့် နေလင်းထက်တို့နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၀ ဒသမ ၉ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာ တောင်ခြေရှိ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ထိကျယ်နှင့် ဇာနည်တို့နေထိုင်သည့် တဲအိမ်ကို သွားရောက်ရှာဖွေရာ ၎င်းတို့အားမတွေ့ရှိဘဲ တဲအတွင်းမှ ယမ်းထောင်း တူမီးလုပ်သေနတ်သုံးလက်၊ မီးကူးယမ်းပြား အလုံး ၆၀ ပါတစ်ရွက်၊ ခဲဘောစေ့ ၁၆လုံး၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စစ်သုံးမှန်ပြောင်းတစ်ခု၊ ဆေးရှူရာတွင် အသုံးပြုသော ဝါးပြောင်းငယ်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၄၄တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မင်းဘူး (စကု)မြို့နယ်တွင် တရားမဝင်သစ်သယ်ဆောင်လာသူများဖမ်းမိ

မင်းဘူး နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကိုင်းမကြီးကျေးရွာအနောက်ဘက် နှစ်ဖာလုံခန့်အကွာ ပုသိမ်-မုံရွာကားလမ်းမိုင်တိုင် အမှတ် (၂၇၅/၄) နှင့် (၂၇၅/၅) အကြားတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက တရားမဝင်သစ်များ သယ်ဆောင်လာသောယာဉ်နှစ်စီးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ပုသိမ်-မုံရွာ ကားလမ်းအတိုင်း မုံရွာဘက်မှ ပုသိမ်ဘက်သို့ မောင်းနှင်လာသော နီဆန်း ၁၂ ဘီးအပြောရောင် ယာဉ်ပေါ်မှယာဉ်မောင်းလွင်ဦး (၄၂)နှစ်၊ ယာဉ်နောက်လိုက်မောင်ခိုင်(၂၈)နှစ်နှင့်မင်းဇော် (၅၃) နှစ်တို့နှင့်အတူ ပိတောက်၊ ပျဉ်းကတိုးနှင့် အင်ကြင်းခွဲသားဆိုဒ်စုံ စုစု ပေါင်း ၆ ဒသမ ၂၄ တန်(စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၄၅၃၂၆ ခန့်)ကို တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လွင်ဦးပါသုံးဦးတို့ကို အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ထို့အတူနီဆန်း ခြောက်ဘီး ယာဉ်ပေါ်မှ ယာဉ်မောင်းဇော်လွင်ဦး (၃၂) နှစ်၊ ယာဉ်နောက်လိုက် သူရိန်စိုး (၁၈) နှစ်နှင့် သားမင်းစိုး (၂၂) နှစ်တို့နှင့်အတူ ကျွန်း၊ အင်ကြင်းခွဲသား စုစုပေါင်း တန်ချိန် ၆ ဒသမ ၄၉ တန် (စုစုပေါင်းတန်ဖိုးငွေကျပ် ၉၂၄၅၅၆၄ခန့်)ကို တရားမဝင်သယ်ဆောင်လာခြင်းကြောင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

အင်းတော် နိုဝင်ဘာ ၂၂

မူးယစ်တပ်စု(၆)ကသာမှ ရဲအုပ်နိုင်နိုင်ဦးနှင့်အဖွဲ့သည် အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သူရအောင် အဖွဲ့နှင့်ပူးပေါင်းပြီး နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သံဘိုကျေးရွာနေ မြင့်ငွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် နေအိမ်တွင် အိမ်ရှင်မြင့်ငွေနှင့်အတူ အောင်ကိုဦး၊ မြင့်ရွှေတို့အားတွေ့ရှိရပြီး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၁၀ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းအား သိမ်းဆည်းရမိခဲ့သဖြင့် ရဲအုပ်နိုင်နိုင်ဦးမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

တရားခံမြင့်ငွေ၏ အစစ်ခံချက်အရ မူးယစ်ဆေးဝါးများအား နိုဝင်ဘာ ၁၅ ရက်က မိုးမိတ်မြို့နယ် မိုးလိုရွာနေသန်းထွန်းထံမှ ဘိန်းဖြူ ဆပ်ပြာခွက်တစ်ခွက်လျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် သုံးစွဲရန်နှင့်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြင့်ငွေ(ခ)ခေါင်းကြီး (၃၁ နှစ်) အောင်ကိုဦး (၂၇ နှစ်) စက်တောကုန်း ကျေးရွာအင်းတော်မြို့နယ်နေသူနှင့် သန်းထွန်းတို့အား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ရဲအုပ်သောင်းစိန်ထွန်းက ပြစ်မှု ကျူးလွန်သူ သန်းထွန်းအား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ဘိန်းစိမ်း၊ ဆေးခြောက်နှင့် စိတ်ကြွရှူးသွပ်ဆေးများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြစ်မှုကျူးလွန်သူသန်းဝင်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၉ ရက်က လားရှိုးမြို့ ရပ်ကွက်(၁၂) ၊ နယ်မြေ (၁၉)၊ အဝေရာလမ်းသွယ် ၆၊ အမှတ် ၅/၁၉/ ၁၃၀၇ နေ မပပအောင်၏နေအိမ်ကို ရှာဖွေရာစိတ်ကြွရှူးသွပ်ဆေးပြား ၂၄၇၅ ပြားနှင့်မြန်မာငွေကျပ် ၅၀၀၀ တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်က တာမိုးညဲ့ဘက်မှ ကွတ်ခိုင်ဘက်သို့ စော့ကျိန်ရှိ(ခ) အဂေါင်းမောင်းနှင်ပြီး မနန်ထန်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၁ ဒသမ ၅ ကီလိုကို လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်က အမ်းမြို့နယ် ကြက်ရေစမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အမ်းမြို့မှ ရန်ကုန်သို့လိုက်ပါမည့် ခရီးသည်သန်းဝင်း အားရှာဖွေရာ ဆေးခြောက်အလေးချိန် ၆ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

တရားမဝင်ရေနံစိမ်းများ တင်ဆောင်လာသော မှန်လုံယာဉ်အားဖမ်းဆီး

နတ်မောက် နိုဝင်ဘာ ၂၂

နတ်မောက်မြို့ ဈေးရပ်ကွက်တွင် နိုဝင်ဘာ ၂၁ ရက်က တရားမဝင်ရေနံစိမ်းများတင်ဆောင်လာသော မှန်လုံယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က မကွေးမြို့မှ နေပြည်တော်-မကွေး တော်ဝင်ခရီးသည်တင်မှန်လုံယာဉ်ပေါ်၌ ရေနံစိမ်းအိတ်များ တရားမဝင်တင်ဆောင်လာကြောင်း သတင်းအရ နတ်မောက်မြို့မရဲစခန်းမှ ရဲအုပ် သန်းနိုင်ဦးနှင့်အဖွဲ့က နတ်မောက်မြို့ ဈေးရပ်ကွက်တွင် စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း မောင်ဌေး (၃၉ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထွန်းထွန်း (၂၅ နှစ်)လိုက်ပါလာသော ဘက်စ်အဝါကြားယာဉ်အားစစ်ဆေးခဲ့ရာတွင် ယာဉ်၏အောက်ပိုင်း ဘောက်အတွင်းမှရေနံစိမ်း ဂါလန် ၁၁၀ ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အမှုစစ်ရဲအရာရှိ၏ စစ်ဆေးချက်အရ သိရသည်။

ယင်းတရားမဝင် ရေနံစိမ်းများ သယ်ဆောင်လာမှုနှင့်ပတ်သက်၍ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့နှစ်ဦးအား နတ်မောက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဧေယျ

မင်းလှ၌ ဆိုင်ကယ်တိမ်းမှောက် လူနှစ်ဦးသေဆုံး

မင်းလှ နိုဝင်ဘာ ၂၂

သာယာဝတီခရိုင်မင်းလှမြို့နယ် ကြို့ကုန်း(၁)အုပ်စုမြောက်ကြို့ကုန်းကျေးရွာ မင်းလှ-မိုးညိုကားလမ်းမိုင်တိုင် အမှတ်(၃/၃)နှင့်(၃/၄)အကြားတွင် နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီခွဲက ဆိုင်ကယ်တိမ်းမှောက်၍ လူနှစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မင်းလှမှမိုးညိုသို့ ဆိုင်ကယ်မောင်းနှင်သူ ဇော်လင်းထက်(၂၂ နှစ်)နှင့် ကျော်စွာလင်း (၂၅ နှစ်)ဥယျာဉ်စုရွာ သာယာ ကုန်းအုပ်စု မိုးညိုမြို့နယ်နေသူနှစ်ဦးတို့မောင်းနှင်လာသော ဆိုင်ကယ်မှာ အရှိန်လွန်ပြီး မင်းလှ-မိုးညိုကားလမ်း၏ညာဘက်သို့ ထိုးကျတိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းသူ ဇော်လင်းထက်နှင့် နောက်မှစီးသူ ကျော်စွာလင်းတို့မှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ တရားခံဇော်လင်းထက်အား မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေါက်စ(ပြန်/ဆက်)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဆရာအာသာ SUCCESS Language Academy
တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက် လုည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) Ph: 202046,392048,256954
Y.W.C.A ဘိုကလေးဈေးလမ်း
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

Basic English Speaking		
10 - 11:30	(Mon ~ Thurs)	30 Nov
3:30 - 5	(Mon ~ Thurs)	14 Dec
9 - 12:00	(Sat + Sun)	20 Dec
7:30 - 9	(Mon ~ Thurs)	28 Dec

Basic Four Skills English		
1 - 2:30	(Mon ~ Thurs)	23 Nov
12 - 3:00	(Sat + Sun)	5 Dec
3:30 - 5	(Mon ~ Thurs)	7,21 Dec
6 - 7:30	(Mon ~ Thurs)	7 Dec
7:30-10:30	(Sat + Sun)	12 Dec
7:30 - 9	(Mon ~ Thurs)	14 Dec
10-11:30	(Mon ~ Thurs)	14,28 Dec

Basic Grammar		
3:30 - 5	(Mon ~ Thurs)	30 Nov
10-11:30	(Mon ~ Thurs)	14 Dec

Pre-Intermediate (4-Skill English)		
1 - 2:30	(Mon ~ Thurs)	23 Nov
6 - 7:30	(Mon ~ Thurs)	30 Nov
1 - 4:00	(Sat + Sun)	5 Dec
7:30 - 9	(Mon ~ Thurs)	7 Dec
10-11:30	(Mon ~ Thurs)	14 Dec

Intermediate (Academic English)		
3:30 - 5	(Mon ~ Thurs)	7 Dec
9 - 12:00	(Sat + Sun)	13 Dec

Vocab Enrichment		
1 - 2:30	(Mon ~ Thurs)	30 Nov
3:30 - 5	(Mon ~ Thurs)	14 Dec

Basic Writing		
12 - 3:00	(Sat + Sun)	14 Nov
10-11:30	(Mon ~ Thurs)	28 Dec

Intemediate Grammar		
7:30 - 9	(Mon ~ Thurs)	28 Dec

Basic English Speaking		
7:30-10:30	(Sat + Sun)	21 Nov
7:30 - 9	(Mon ~ Thurs)	7 Dec
10-11:30	(Mon ~ Thurs)	14 Dec
1 - 2:30	(Mon ~ Thurs)	14 Dec

Pre-Intermediate (4-Skill English)		
7:30 - 9	(Mon ~ Thurs)	30 Nov
4:30-7:30	(Sat + Sun)	26 Dec

IELTS (Preparation)		
7:30-9:30	(Mon ~ Thurs)	30 Nov
1 - 4:30	(Sat + Sun)	26 Dec

IELTS (Writing)		
7:30 - 9	(Mon ~ Thurs)	21 Dec
7:30-10:30	(Sat + Sun)	26 Dec

Basic Four Skills English		
10-11:30	(Mon ~ Thurs)	30 Nov
1 - 2:30	(Mon ~ Thurs)	30 Nov
2 - 5:00	(Sat + Sun)	13 Dec
1 - 2:30	(Mon ~ Thurs)	14 Dec
3:30 - 5	(Mon ~ Thurs)	14 Dec
10-11:30	(Mon ~ Thurs)	21 Dec

Intermediate (Academic English)		
3:30 - 5	(Mon ~ Thurs)	7 Dec

IELTS (Speaking)		
7:30 - 9	(Mon ~ Thurs)	28 Dec

IELTS (Reading)		
1 - 3:00	(Mon ~ Thurs)	30 Nov

IELTS (Grammar)		
10-11:30	(Mon ~ Thurs)	23 Nov

ဘိုကလေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း
ရွှေရတုသဘင်အထိမ်းအမှတ်နှင့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
ဘိုကလေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ရွှေရတုသဘင်ပွဲတော်အတွက် ကျောင်သား/ကျောင်သူဟောင်းများမှ ဦးဆောင်၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရွှေရတုသဘင်ပွဲ တော်အတွက် -
၁။ အငြိမ်းစား ဆရာ/ဆရာမကြီးများ၏ သြဝါဒကထာ။
၂။ ကျောင်းသား/သူဟောင်းများ ၏ "လွမ်းဆွတ်တမ်းတဖွယ်ကောင်း ငါတို့ကျောင်း" အမှတ်တရစာစု။
၃။ ဤကျောင်းနှင့်ပတ်သက်သည့် ရွှေရတုအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ။
အထက်ဖော်ပြပါအကြောင်းအရာများကို ၂-၀၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားရှိ၍ ကျောင်းအုပ် ဆရာမကြီး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဘိုကလေးမြို့ ဧရာဝတီတိုင်းဒေသကြီး သို့ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
အာစရိယပူဇော်ပွဲနှင့် ရွှေရတုသဘင်ပွဲသို့ ပါဝင်လှုဒါန်းလိုသော ကျောင်းသား/သူဟောင်းများသည် အောက်ဖော်ပြပါ ကျောင်းသား/ကျောင်းသူဟောင်းများထံသို့ ပါဝင်လှုဒါန်းနိုင်ပါသည်။
- ကျောင်းအုပ်ဆရာမကြီး၊ အ. ထ. က(၂)၊ ဘိုကလေးမြို့။ ၀၄၅-၄၅၅၅၈၀
- ဦးသံချောင်းလေး ၀၉-၄၂၂၄၇၈၅၅
- ဦးတင်ထွန်း ၀၄၅၄၅၃၃
- ဦးမောင်မောင် ၀၉-၂၆၀၄ဝ၈ဝ
- ဒေါ်ဖြူဖြူထွန်း ၀၉-၂၆၁ဝ၁၅ဝ
- ရွှေရတုသဘင်စာမူနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက-ဆရာဦးတင်လတ် ၀၉-၈၅၉၁ဝ၇၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
အာစရိယပူဇော်ပွဲနှင့် ရွှေရတုသဘင်ကျင်းပရေးကော်မတီ
အထက(၂)၊ ဘိုကလေးမြို့။

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်မြင့်ကျော် ၁၄/ငပတ (နိုင်)၁၇၀၂၃၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၆၉၀၅

ဘိုက်ခြောလန်/တွန်တရမ်
Fully Auto ဘူဘီ ရိုက်ဆီ ဝေတ်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆ဂ) သံသုဟလမ်း သုဝဏ္ဏသွားဆေးစာရွက်သိုက်အနီး
09 420035882, 09 73199410
09 420035884, 09 73199257

ပျောက်ဆုံးကြောင်း
ကျွန်မ မခင်အေးသိမ့်၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၀၆၃၂၇၀၂

အမည်ပြောင်း
ဦးဇော်လင်းထိုက်-ဒေါ်စန်းရည်ထက်တို့၏သား ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း Grade-1 (E)မှ မောင်ဇွဲဘုဏ်စဉ်လင်းအား မောင်ဘုန်းအဏ္ဍာဝါလင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဘုန်းအဏ္ဍာဝါလင်း

နိဗ္ဗာန်ကိုရည်မှန်း ကြာပန်းတစ်မျိုးတည်းသာ လျှုဒါန်းပူဇော်သည့် ရှင်မာလဲဘုရားပွဲတော်

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဒုတိယမဟာရမ် တံတိုင်းမြောက်ဘက်တွင် တည်ထားကိုးကွယ်ထားသည့် ရှင်မာလဲစေတီ၏ (၂၆)ကြိမ်မြောက် ဘုရားပွဲတော်ကို တန်ဆောင်တိုင်လပြည့်နေ့တွင် ယနာနို့ဆွမ်းနှင့် ကြာပန်းတစ်မျိုးတည်းဖြင့်သာ လျှုဒါန်းကြသည့်ပွဲတော်အဖြစ် ထူးခြားစွာကျင်းပလေ့ရှိပါသည်။

ရှင်မာလဲစေတီသည် မဟာမုနိဘုရားကြီး ပင့်ဆောင်မလာမီ ကာလကတည်းက တည်ရှိသော အောင်ပင်လယ် မင်းရှင်စောလက်ထက်က တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ ဗိသုကာဒီဇိုင်းမှာ သာမန်လုံးတော်ပြည့်စေတီတော်ပုံစံမဟုတ်ဘဲ နတ်လမ်းများ၊ မုခ်ဦးများနှင့် အဆင့်ဆင့်တည်ဆောက်ထားသော မြင့်မိုရ်တောင်ကိုရည်မှန်း၍ တည်ထားသည့် အမရပူရခေတ် စေတီတော်ဖြစ်သည့်အပြင် မြန်မာ့ရိုးရာကျင်းပလေ့ရှိသည့် ဘုရားပွဲတော်များအနက် ထူးခြားသောပွဲတော်ဖြစ်သည်။

ရှင်မာလဲ ဘုရားပွဲတော်ကို နှစ်စဉ် မဟာမုနိဘုရားကြီးအား မသိုးသင်္ကန်းဆက်ကပ် လျှုဒါန်းသည့်ပွဲတော်၊ အာနန္ဒာဘုရားပွဲတော်နှင့် ဦးပွားဘုရားပွဲတော်တို့နှင့် တစ်ရက်တည်းဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိပါသည်။

ရှင်မာလဲ ဘုရားပွဲဖြစ်ပေါ်လာပုံမှာ သီရိလင်္ကာကျွန်း မလယတောင်တန်းအရပ်တွင် သီတင်းသုံးနေတော်မူသော အရှင်မာလယဝါသီ မဟာဒေဝထေရ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုမထေရ်မြတ်ကို မြန်မာတို့က ရှင်မာလဲဟု ခေါ်ဆိုကြ၍ ရှင်မာလဲဟူသောဘွဲ့အမည်မှာ အရှင်မြတ်သီတင်းသုံးရာ မလယအရပ်ကို အစွဲပြုကာ ခေါ်ဆိုခြင်းဖြစ်သည်။

ရှင်မလဲမထေရ်သည် ကမ္ဘောဇပြည်ရွာတစ်ရွာသို့ ကြွတော်မူရာ သူဆင်းရဲရွာသားတစ်ဦးနှင့်တွေ့ဆုံ၍ ထိုသူဆင်းရဲသားလျှုဒါန်းလိုက်သည့် ကြာညိုပန်းရှစ်ပွင့်ကို တာဝတိံသာရှိ သကြားမင်းတည်ထားသော စူဠာမဏိစေတီကို ကပ်လျှုရန် ကြွတော်မူရာ အရိမေတ္တယျအလောင်းနတ်သားနှင့်ဆုံမိသည်။

ထိုအခါအလောင်းတော်က တန်ဆောင်တိုင်လပြည့်နေ့ရောက်သည့် အခါတိုင်း ဝေသ္ဆရာဇာတ်တော်ကို လူအပေါင်းတို့အား ဟောကြားပေးပါရန် လျှောက်ထားချက်အရ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဝေသ္ဆရာဇာတ်တော်ကို ဟောကြားလေသည်။

ထို့ကြောင့် ရှင်မာလဲပွဲတော် အခါ၌ ဟောကြားပေးသော ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေသ္ဆရာဇာတ်တော်ကို ကြည်ညိုသောအားဖြင့် နိဗ္ဗာန်ပြည်သို့သွားမည့်ပုံ လေ့ကားတော်ကြီးကိုပြုလုပ်၍ ထိုလေ့ကားအထစ်တွင် အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင် စသည်တို့ကို လျှုဒါန်းပူဇော်ကြပါသည်။

ထိုပွဲတော်မှာ ရှင်မာလဲမထေရ်၏သြဝါဒဖြင့် လျှုဒါန်းကြခြင်းဖြစ်၍ မိမိတို့စေတနာဖြင့် နိဗ္ဗာန်ကိုရည်သန်ပြီးလျှင် မဂ္ဂင်ဖောင်ဖြင့် ကူးတေ့မည့် အဓိဋ္ဌာန်အလျောက် မဂ္ဂင်ဖောင်ပုံသည့်သရုပ်ကို လေ့ကားဖြင့်တင်စား၍ လေ့ကားပေါ်တွင် အလျှုဝတ္ထုများတင်ပြီး ပူဇော်သည့်အတွက် ရှင်မာလဲ ဘုရားပွဲတော်ကို လေ့ကားပွဲတော်၊ ထောင်ပြည့်ပွဲတော်ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤသည်မှာလည်း ရှင်မာလဲပွဲတော်၏ ထူးခြားခြင်းပင်ဖြစ်သည်။

မဟာမုနိဘုရားကြီးအတွင်း၌ ရှင်မာလဲစေတီ နှစ်ဆူရှိပါသည်။ မူလရှင်မာလဲစေတီသည် မဟာမုနိဘုရားကြီးမြောက်ဘက် မဟာရမ်တံတိုင်းအပြင်ဘက် မြောက်ဘက်မုခ်ဦး အနောက်ဘက်တွင်တည်ရှိသည်။ ယခု ရှင်မာလဲစေတီသည် မဟာမုနိဘုရားကြီး ဒုတိယမဟာရမ်တံတိုင်း မြောက်ဘက်တွင် တည်ရှိသည်။

ရှင်မာလဲပွဲတော်၏ ယနာနို့ဆွမ်းကပ်လျှုရန်အတွက် မန္တလေးဒေသပတ်ဝန်းကျင်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ဆွမ်းလောင်းအသင်းများ၊ ပလိပ်မြို့မှ ကြာပန်းရောင်းချသူများသည် ပွဲတော်ရက်မတိုင်မီ လာရောက်ကြသည်။

ရှေးအခါက နွားလှည်းများဖြင့် တပျော်တပါး လာရောက်ကြပြီး ယခုအခါ ဆိုင်ကယ်၊ ကားတို့ဖြင့် လာရောက်ကြသည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်ညတွင် ကြာပန်းများဖြင့် ပူဇော်ပြီး နံနက်အရုဏ်တက်တွင် ယနာနို့ဆွမ်းဖြင့် ဆွမ်းလောင်းလျှုကြသည်။

ရှင်မာလဲပွဲတော်လာရောက်ကြသူအပေါင်းတို့သည် စေတီကို ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ပဒုမ္မာကြာစသည့် ကြာပန်းအမျိုးမျိုးဖြင့် ပူဇော်ကြသည်။ အချို့လူငယ်တို့သည် ဘုရားအောက်ခြေတွင် ကြာပန်းပုံကြီးကြီးများစွာဖြစ်ပေါ်နေသဖြင့် ဘုရား၏ အပေါ်ပစ္စယံများပေါ်သို့ လက်ဖြင့်ပစ်ပေါက်ကပ်လျှုခြင်း၊ တစ်ဦးနှင့်တစ်ဦး ကြာပန်းများဖြင့်ပစ်ခြင်း၊ ကြာရိုးများဖြင့် ရိုက်ခြင်းများ ပြုလုပ်လာကြသဖြင့် ပွဲတော်လာ ဘုရားဖူးများအတွက် စိတ်အနှောင့်အယှက်ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ သံယာတော်များနှင့် နိဗ္ဗာန်ဆော်အဖွဲ့ကကြီးကြပ်ကွပ်ကဲ၍ စည်းကမ်းကျနစွာဖြင့် ကပ်လျှုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤပွဲတော်သည် ယုံကြည်ကိုးကွယ်မှုနှင့်ဆိုင်သော ပွဲတော်ဖြစ်သည့်အတွက် သာသနာတော်တည်တံ့နေသ၍ ဆက်လက်ရှင်သန်နေမည်သာဖြစ်ပါသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မုံရွာ-ပင်လည်ဘူးခရီးစဉ် ယာဉ်တိမ်းမှောက်မှု ခရီးသွားအာမခံကြေးပေးအပ်

ပင်လည်ဘူး နိုဝင်ဘာ ၂၂

မုံရွာ-ပင်လည်ဘူးခရီးစဉ်ပြေးဆွဲနေသည့် အာကာမန်းခရီးသည်တင် ယာဉ်လိုင်းမှ နိုဝင်ဘာလ ဒုတိယပတ်က မုံရွာ-ဘုတလင်-ရေဦးလမ်း ကန်သစ်ရွာအကွေ့တွင် ဖြစ်ပွားခဲ့သည့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်၌ ပင်လည်ဘူးမြို့နယ် မှ သေဆုံးသူနှင့် ဒဏ်ရာ ရရှိသူများအတွက် ခရီးသွားအာမခံလျော်ကြေးကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပေးအပ်ခဲ့သည်။ မုံရွာ-ပင်လည်ဘူးခရီးစဉ်ပြေးဆွဲသည့် အာကာမန်းခရီးသည်တင်ယာဉ်တိမ်းမှောက်မှုတွင် ပင်လည်ဘူးမြို့နယ်မှ ဦးချစ်ဦး ၊ ဦးကိုဦး၊ ဦးလှိုင်ဝင်းထွဋ်နှင့် ဒေါ်ငြိမ်းငြိမ်းစိုးတို့ လေးဦးပါရှိပြီး ဦးကိုဦးနှင့် ဦးဝင်းလှိုင်ထွဋ်တို့မှာ ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူလျက်ရှိပြီး ဦးချစ်ဦးနှင့် ဒေါ်ငြိမ်းငြိမ်းစိုးတို့မှာ သေဆုံးသွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ) မှ ဒဏ်ရာရရှိသူများအတွက် ဆေးကုသစရိတ်နှင့်သေဆုံးသူများအတွက် တစ်ဦးလျှင် အထူးခရီးသွား အာမခံလျော်ကြေးငွေကျပ် သိန်း ၃၀ ဖြင့် သေဆုံးသူမိသားစုများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးလွင်(ပင်လည်ဘူး)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်ကြီးခင်ဦး(ငြိမ်း) တပ်မတော်လေ-ဒေါ်သန်းစိန်တို့၏သားထွေး
မောင်ကျော်သူနိုင်
B.Sc (Physics)
Senior Manager (နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်)
နှင့်
ရန်ကုန်မြို့နေ
ဦးထွန်းလွင်-ဒေါ်သန်းသန်း(T&T အထည်ဆိုင်)တို့၏သမီးကြီး
မဖြူဖြူကျော်
B.Sc (Engineering) (Gem & Gem Mining)
Diploma in Gem indentification

တို့၏ ၂၀-၁၁-၂၀၁၅ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးဒေါ်စိမ်းမို့(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး)အား လည်းကောင်း၊ ၂၁-၁၁-၂၀၁၅ ရက် Novotel Yangon Max Hotel (Yangon Ballroom)တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်ဖြစ်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂီဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲကြီးကို ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးအောင်အောင်ဦး(MRTV)၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် မသူဇာအောင်၊ စတားမင်္ဂလာတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြေးပေးပါသော ညီမငယ် မော်ဒယ်နှင့်သရုပ်ဆောင် မဟေမာန်သော်တာငြိမ်း၊ မင်္ဂလာပန်းဗန်းကိုင်ဆောင်ပေးပါသော ညီမငယ်မခေမာတင့်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မဆုသဏ္ဌာ၊ သတို့သားအရံ မောင်သန်းဟိန်းစိုးနှင့် သတို့သမီးအရံ မမြဂျူလိုင်ခင်၊ ဓာတ်ပုံနှင့်ဗီဒီယို ဒေါက်တာထက်အောင်ကျော်၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသောအစိုင် (အောင်အောင်တောင်ကြီး)၊ မေတ္တာဖြင့်သဇင်ပန်းများ ကူညီပံ့ပိုးပေးပါသော အန်တီစိန်မမမောင်၊ မင်္ဂလာပန်းအလှငြိမ်းချမ်း၊ ဒီဇိုင်နာ ကိုမျိုးမင်းစိုး၊ မင်္ဂလာဖိတ်စာ၊ ဒဏ္ဍ Printing၊ Novotel Yangon Max Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူနိုင်-မဖြူဖြူကျော်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကန်းကျွန်းမြို့နယ်နေ (ဦးကျော်ဌေး)-ဒေါ်ချိုချိုအောင်တို့၏သားကြီး၊ မောင်မျိုးသူရ၏အစ်ကို
မောင်မျိုးမင်းဌေး BE(com) Eco:
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့နယ်နေ ဦးဇော်လွင်-ဒေါ်ကြည်ကြည်ဝင်း တို့၏သမီးကြီး၊ မောင်ချစ်ပိုင်ဦး-မငြိမ့်အိစံ တို့၏အစ်မ
မယုမိစံ
B.A(Myanmar) Diploma in Computer Art
တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီမှုအရ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Toshima-ku မြို့နယ်ရုံးတွင် တရားဝင်လက်ထပ်စာရင်းသွင်း လက်မှတ်ရေးထိုးပြီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းဌေး-မယုမိစံ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၁၈၈ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၉/မရတ(နိုင်)၀၅၉၀၀၄ (ကမ-၃) ဟျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ဖောင်းကြွဟျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I-4260 ၏ ဖောင်းကြွနံပါတ်ပြားဟျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"
စမ်းချောင်းမြို့နယ် မြေတိုင်းရင်းကွက်အမှတ်- ၈B.1၊ မြေကွက်အမှတ်-၇ (အိမ်တစ်ခု) မြေကွက်တည်နေရာ အမှတ်၃၄၁-A(ပြည်လမ်းမပေါ်းချောင်း)(ဦးသိုက်ဝိုး)၊ ၁၂/လကန(နိုင်)၀၁၆၃၇)အမည်ပေါက်ဂေဟာရန်ရှိ ပြေပိုင်မြေအား အမည်ပေါက် ဦးသိုက်ဝိုး၊ မှမှတ်ပုံတင်မှုရင်းစာရွက်မှုရင်းနှင့် ၂၀၁၄ခုနှစ်တွင် ကူးယူခဲ့သော အတိုင်ပေးမြေပုံပျောက်ဆုံးကြောင်း၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာတရားလုံးဝနိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည် ရေနေမှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ပြည်ပြစ်မင်းနှင့် မြေမိမခန့်ရုံးမှ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ISO 9001 : 2008 လက်မှတ်ရ
သူခစုစီ
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ ၏
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ စက်မှုလက်မှု သင်တန်းကျောင်း မှ
စင်ကာပူနိုင်ငံတွင်
သွားငှားရမ်းလုပ်ကိုင်လိုသူများအတွက်
"အင်ဂါဈေးနှုန်းအောင်မြင်စေရန်"
- FCAW Welder (ဂဟေဆက်)
- Steel Fitter (သံပြား ဖြတ်/ဆက်)
- CNC Operator (စက်မောင်းတာဝန်ခံ)

အကြောင်းအရာ
အနီးကပ် (အမြန်သင်တန်း) ဖွင့် လှေကျင့်ပေးနေပါပြီ။
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၄၃ ၊ ၃၇၇ ၃၄၄ ၊ ၃၈ ၅၇ ၅၁ ၊ ၃၈ ၆၈ ၇၇ ၊ ၃၉ ၂၂ ၃၃

ဘိန်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းသို့ နိုင်ငံပေါင်း ၃၀ကျော် လာရောက်လေ့လာ

မိုင်းဆတ် နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ယောင်ခဒေသ၌ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သောဘိန်းအစားထိုးအသက်မွေး ဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းသို့ ထိုင်းနိုင်ငံမှ General Niwat Meenayothin ဦးဆောင်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံပေါင်း ၃၀ကျော်မှ လူမှုအဖွဲ့အစည်းများ စုစုပေါင်း ၁၅၀ ကျော်သည် နိုဝင်ဘာ ၁၉ ရက်က ကွင်းဆင်းလေ့လာရေးခရီးစဉ် ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူးချုပ် ကျော်ဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးဦးနိုးဝေတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီးအခမ်းအနားကျင်းပရာ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ထိုင်းနိုင်ငံမှ General Niwat Meenayothin နှင့် UNODC မှ Mr.Horhay Rios တို့က ICAD 2 မီးပုံးပျံကို ဖဲကြိုးဖြတ်လွှတ်တင်ပေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက အုပ်စု(၅)အုပ်စုခွဲကာ ဘိန်းအစားထိုးဆောင်ရွက်မှုပြခန်း၊ ဟင်းသီးဟင်းရွက်ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးထားရှိမှု၊ ဆန်စပါး၊ပြောင်းစိုက်ပျိုးမှု၊ ကြိတ်ခွဲထားရှိမှုနှင့် ကျွဲမွေးမြူရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်အောင်မြို့နယ် အင်ပင်-ကနောင်လမ်းပေါ် ၅ မြမ်းတံတားတည်ဆောက်လျက်ရှိ

မြန်အောင် နိုဝင်ဘာ ၂၂

မြန်အောင်မြို့နယ် ကနောင်မြို့နှင့် အင်ပင်သို့ ဆက်သွယ်သော အင်ပင်-ကနောင်လမ်းပေါ်ရှိ ၅မြမ်းတံတားအသစ်တည်ဆောက်ခြင်းကို မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ရာဇမြေ(ကေဇက်အမ်) ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်က မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံတားဆောက်လုပ်ခြင်းကို စံချိန်စံညွှန်းပြည့်မီရေးကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဂျမ်းတံတားကို အရှည်ပေ ၂၂၀၊ အကျယ် ၁၄ပေ၊ ကွန်ကရစ်တိုင်သံပေါင်ရက်မ သစ်သားကြမ်းခင်းဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး တံတားဆောက်လုပ်ပြီးစီးပါက အင်ပင်-ကနောင်လမ်းဘေးရှိကျေးရွာအုပ်စုများ ကုန်စည်ပို့ဆောင်ရေးအဆင်ပြေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဂံသားများ စုပေါင်းသွေးလှူကြမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်ရောက် ပုဂံညောင်ဦးမြို့နယ်သူ မြို့နယ်သားများအနေဖြင့် "ပုဂံ သွေး" ပရဟိတနှင့်လူမှုကူညီရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် (၁၃) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို လာမည့် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသင်းနာယကဦးဝင်းမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

"ဒီသွေးလှူဒါန်းပွဲမှာ ပုဂံညောင်ဦးမြို့နယ်သူ မြို့နယ်သားတွေ အပြင် အသက် ၁၈ နှစ်ပြည့်ပြီးနှင့် ၅၅ နှစ်အတွင်းရှိ ကိုယ်အလေးချိန် ပေါင် ၁၀၀ ကျော်သူ ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းသူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါတယ်" ဟု ၄င်းက ထပ်လောင်းပြောကြားသည်။

သွေးလှူဒါန်းလိုသူများ အနေဖြင့် ဦးဝင်းမြင့် ၀၉-၃၁၂၈၅၅၃၇၊ ဦးခင်မောင်ဝင်း ၀၉-၇၃၁၂၃၅၂၁၊ ဦးစိုးခိုင် ၀၉-၄၂၁၁၀၅၃၃၇၊ ဦးသန်းဝင်းအောင် ၀၉-၄၂၁၀ ၆၆၀၅၃၊ ဦးမြင့်စိုး ၀၉-၄၂၀၀၂၉၀၄၄ နှင့် ဦးသောင်းဇော် ၀၉-၅၁၈၉၂၈၃ တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သွေးလှူရှင်များကို ကားအကြို၊ အပို့နှင့် အာဟာရများဖြင့်လည်း ဦးခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

ကြီတိုင်းအောင်

စစ်ကိုင်းတိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကန့်ဘလူမြို့၌ ဝန်ထမ်းအိမ်ရာ စီမံကိန်းများ ဖော်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်ကို မြင်တွေ့ရစဉ်။

အောင်ဝင်းဦးမိုး(ကန့်ဘလူ)

မြန်မာစာပေစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၂၂

ကျောင်းသား ကျောင်းသူများ မြန်မာစာပေအရေးအသားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်အတွေးအခေါ်နှင့်ဉာဏ်ရည်မြင့်မားစေရေးအတွက် ရည်ရွယ်၍ မြို့နယ်အဆင့်အခြေခံပညာ(ထက်/လယ်/မူ) မြန်မာစာပေစွမ်းရည်ပြိုင်ပွဲများကို ညောင်တုန်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

အဆိုပါမြန်မာစာပေစွမ်းရည်ပြိုင်ပွဲသို့ အခြေခံပညာမူလတန်းအဆင့်တွင် ကျောင်းသားကျောင်းသူ ၂၀၇ ဦး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၃၄ ဦးနှင့် အခြေခံပညာအထက်တန်းဆင့်တွင် ကျောင်းသား ကျောင်းသူ ၂၂ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၆၃ဦး မြန်မာစာပေစွမ်းရည်ပြိုင်ပွဲသို့ ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူးဦးမြင့်အောင်နှင့်ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၅ ဦးက မြန်မာစာပေစွမ်းရည်ပြိုင်ပွဲကို ကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

လွယ်ဂျယ်-မန်ကောင်း ကျောက်ချောလမ်းခင်း

မိုးမောက် နိုဝင်ဘာ ၂၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော လွယ်ဂျယ်-မန်ကောင်း (နယ်စပ်ပတ်လမ်း) ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးတင်ဇော်လင်းနှင့်အဖွဲ့က ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် ယခင်က မြေသားလမ်းသာရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ကျပ် ၈၇ ဒသမ ၁၉သန်းဖြင့် အရှည်တစ်မိုင်၊ အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ လက်ရှိတွင် ၀/၅ မိုင် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရမ်းဗြဲ နိုဝင်ဘာ ၂၂

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ချောင်းနယ်-ဖက်ကြပ်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ကျောက်စုဆောင်းထားရှိမှုနှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လက်ပန်အဝကျေးရွာ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်မည့် တစ်ဖက်ပိတ်ဆည်ဆောက်လုပ်မည့်နေရာများသို့ နိုဝင်ဘာလတတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၅၇)**

ကျေးရွာသုံးရွာအား စိုက်ခင်းလွှဲပြောင်းပေးအပ်

ချောက် နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှကြီးကြပ်၍ ကျေးရွာသုံးရွာအား စိုက်ခင်းလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က တောင်နောက်ကျေးရွာမွာ၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးကလည်း ကျေးရွာသုံးရွာအား စိုက်ခင်းလွှဲပြောင်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်တာဝန်ရှိသူတို့က စိုက်ခင်းလွှဲပြောင်းပေးအပ်သော ငွေးချို၊ တောင်နောက်၊ အုတ်တွင်းကျေးရွာသုံးရွာ၏ စိုက်ခင်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများထံ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းအိမ်ရန်(ပြန် /ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

စလင်း နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက် လမ်း၊ တံတားလုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများက နိုဝင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

အမြို့မြို့ အနယ်နယ်တွင် ပျံ့နှံ့သည့် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

ကန့်ဘလူမြို့နယ်တွင် ပြန်လည်စိုက်ပျိုးသော စပါးခင်းများအောင်မြင်ဖြစ်ထွန်း

ကန့်ဘလူ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်၊ သြဂုတ်လများက မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုးစပါးစိုက်ခင်းပျိုးခင်းများပျက်စီး၍ စိုက်ပျိုးချိန်နောက်ကျခဲ့သော်လည်း ပြန်လည်စိုက်ပျိုးနိုင်ခဲ့၍ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းသိရသည်။ ကန့်ဘလူမြို့နယ် ပုပ္ပားကျေးရွာအုပ်စု ပျဉ်းတော်ကျေးရွာနေ တောင်သူ ဦးခင်မောင်အေးက ၎င်းပိုင်ဧက ၂၀ တွင် မာကြူလီ၊ မနော်ဆန်စပါးများစိုက်ပျိုးကြောင်း၊ အခြားတောင်သူများက ဘေးကြား၊ ဆင်းရွှေလီတို့စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ယနေ့ စပါးသစ်ပေါက်စေ့းသည် တစ်တင်းလျှင်ကျပ် ၅၀၀၀ ခန့်ရှိကြောင်း ပြောသည်။

ထိုသို့ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရန် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် စိုက်ပျိုးခင်းများအတွက် နိုင်ငံတော်မှ ငွေကျပ် ၁၀၁ ဒသမ ၅၁၄ သန်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုနှစ်မိုးစပါးရာသီတွင် ဧရာမင်း၊ ပုလဲသွယ် GW 1၊ ဆင်းသုခမာကြူလီ (ရွှက်ထောင်) စပါးမျိုးများစိုက်ပျိုးခဲ့ပြီး လျာထားဧက ၁၄၆၉၀၅ ဧကထက် ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

"ဦးကြီးကတော့ ဒေသအခေါ် မာကြူလီ (ရွှက်ထောင်) စပါးတစ်မျိုးတည်းပဲ ငါးဧကစိုက်တယ်၊ ဒီစပါးက စားကောင်းပြီး မိသားစုအားလုံးကြိုက်တဲ့အတွက် စိုက်ဖြစ်တာ၊ ဦးကြီးတို့ဒေသမှာ ရေကြီးပြီး စိုက်ပျိုးခင်းတွေ ပျက်စီးကြတယ်။ ဒါကို မြို့နယ်တာဝန်ရှိသူတွေက အဆင့်ဆင့်တင်ပြပေးလို့ နိုင်ငံတော်ကအချိန်မီ ထောက်ပံ့ခဲ့တဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကန့်ဘလူမြို့အမှတ်(၁)ရပ်ကွက် မှန်နီကုန်းရပ်နေ တောင်သူ ဦးအောင်ပိုကပြောသည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လွှပ်ဆုပ်စု လွှပ်ကျေးရွာ၌ အလက(ခွဲ)ကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့ရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတင်ဆင့်၊ ခရိုင်ပညာရေးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်၊ အထက(ခွဲ) ဒဟတ်ကုန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သူဇာလှိုင်(စက်မှု)

ကြံစျေးကောင်းရရန် တောင်သူတို့မျှော်လင့်

ဖြူး နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၁၄-၂၀၁၅ ကြံစိုက်ရာသီတွင် တောင်သူလယ်သမားများက ကြံစိုက်ခင်းသစ် ၉၅၅ ဧကနှင့် လမိုင် ၁၃၈၇ ဧက စုစုပေါင်း ၂၃၄၂ ဧက စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ကြံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကြံတောင်သူများက စျေးကောင်းရရှိရန် မျှော်လင့်နေကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ဘုရားရင်ပြင်ပေါ်၌ မူးလဲကျသူ ပြင်သစ်နိုင်ငံသူအမျိုးသမီးအား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ကူညီ

နေပြည်တော် နိုဝင်ဘာ ၂၂

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ရွှေစည်းခုံဘုရားတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် ဘုရားရင်ပြင်ပေါ်၌ နိုင်ငံခြားသူတစ်ဦး မူးလဲနေသည်ကို တွေ့ရှိရသဖြင့် အကူအညီပေးရန် မေးမြန်းရာ ပြစ်သစ်နိုင်ငံသူ Mrs. Frappreau Solenne ဆိုသူဖြစ်ပြီး သွေးပေါင်ကျ၍ မူးလဲခြင်းဖြစ်ကြောင်း ၎င်း၏အဖော်ဖြစ်သူ Mrs. Groheux Alig နှင့် Mrs. Cady Eleanorjayne တို့နှစ်ဦးမှ စုံစမ်းသိရှိရသည်။ Mrs. Frappreau Solenne မှာ ဆေးရုံ၊ ဆေးခန်းသို့ မသွားလိုသဖြင့် တပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက သူမတည်းခိုနေထိုင်ရာ ရွှေမြန်မာဟိုတယ်သို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

ချောင်းကြီးကျေးရွာမီးလင်းသဖြင့် ကျေးလက်နေပြည်သူများဝမ်းသာ

ညောင်တုန်း နိုဝင်ဘာ ၂၂

ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ ကျေးလက်ပြည်သူများ အထူးမျှော်လင့်တောင်းတလျက်ရှိသော လျှပ်စစ်မီးလင်းရေးကိစ္စမှာ ငွေကြေးလိုအပ်ချက်အရ အချိန်ကြန့်ကြာမှုရှိခဲ့ရာမှ နိုဝင်ဘာ ၂၀ ရက်မှ စတင်ပြီး လျှပ်စစ်မီးလင်းပြီးဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ဝမ်းသာနေကြပြီးဖြစ်ကြောင်း သိရသည်။

ချောင်းကြီးကျေးရွာသည် အိမ်ခြေ ၅၀၀ ခန့်ရှိသော ရွာကြီး တစ်ရွာဖြစ်ပြီး ယင်းကျေးရွာ၌ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ စည်ပင်သာယာဈေး၊ ကျေးလက်စာကြည့်တိုက်၊ ကွန်ကရစ်လမ်း၊ အခြေခံပညာအထက်တန်းကျောင်းများဖြင့် စည်ကားသောရွာတစ်ရွာဖြစ်သည့်အပြင် လယ်ယာမြေစိုက်ပျိုးလုပ်ငန်းများ၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများပါ ဖွံ့ဖြိုးလျက်ရှိသောရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ ယခုအခါလူနေအိမ်များ၊ လမ်းတစ်လျှောက် လမ်းမီးများရရှိလျက်ရှိသည့်အပြင် ငါးပုစွန်မွေးမြူရေးကန်များပါ လျှပ်စစ်မီးများရရှိပြီဖြစ်ကြောင်း သိရသည်။

ချောင်းကြီးကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ သိန်း ၆၀၀ ထောက်ပံ့ရရှိခဲ့ပြီး လျှပ်စစ်မီးသွယ်တန်းသော လူနေအိမ်များက တစ်အိမ်လျှင် ငွေကျပ်သုံးသိန်း ထည့်ဝင်ငွေများဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လျှပ်စစ်မီးရရှိပြီးဖြစ်သဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးသူများကို ချောင်းကြီးကျေးရွာမှ ပြည်သူများက ကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။

နေလင်း(ညောင်တုန်း)

ကျိုက်ကာချေးငွေဖြင့် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်

ဇီးကုန်း နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တောင်နဝင်းဆည်/မြောင်းနဝင်းဆည်(ပြည်မြို့)၊ ဝဲကြီးဆည်(ပေါင်းတည်မြို့)နှင့် တောင်ညိုဆည် (နတ်တလင်းမြို့)တို့မှ ရေသောက်စနစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို JICA (ODA) ချေးငွေအစီအစဉ်ဖြင့် ဂျပန်နိုင်ငံ Sanyu Consulants Inc အဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနတို့က နိုဝင်ဘာ လဆန်းမှစ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်ကြီးများမှ အဓိကရေပေးဝေသော ပင်မတူးမြောင်းကြီးများကို ကွန်ကရစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ၂၀၁၆ ခုနှစ် ဇွန်လအထိ ခုနစ်လအတွင်းဆောင်ရွက်မည်ဖြစ်ပြီး လက်တံမြောင်းငယ်များနှင့် ရေသောက်စနစ်တစ်ခုလုံး အဆင့်မြှင့်လုပ်ငန်းတစ်ခုလုံးကို သုံးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းများ ဆောင်ရွက်စဉ် ကာလအတွင်း ၂၀၁၅-၂၀၁၆ နွေစပါး ရေပေးဝေခြင်းလုပ်ငန်းများကိုလည်း ရပ်နားထားမည်ဖြစ်ရာ တောင်သူများအနေဖြင့် ကြိုတင်သိရှိပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဇီးကုန်းမြို့နယ်တွင် နွေစပါး စိုက်ပျိုးဧရိယာမှာ ၅၈၁ ဧကဖြစ်ပြီး နတ်တလင်းမြို့နယ်မှာ ၅၁၉၇ ဧက နှစ်စဉ် နွေစပါးစိုက်ပျိုးခဲ့ကြောင်း သိရသည်။ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်လယ်များ သုံးသီးပြန်လည်စိုက်ပျိုးနိုင်ပြီဖြစ်၍ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ရေသောက်စနစ်အဆင့်မြှင့် ပြုပြင်ဆောင်ရွက်သည့် လုပ်ငန်းကို ပြည်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူ၍ နတ်တလင်းဆည်မြောင်းဦးစီးအရာရှိ(မြို့ပြ)ရုံးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံပျံပွဲတော်၌ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး အောင်သမာဓိစိန်ရွှေရတနာဆိုင်က အဓိက ကူညီပံ့ပိုးပြီး ဆရာကိုဒဿစီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ပြင်ဦးလွင်မြို့ တန်ဆောင်တိုင် မီးပုံပျံပွဲတော်ရက်များဖြစ်သည့် နိုဝင်ဘာ ၂၃ နှင့် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ၁၂တောင်ကျား(ကျားဖြူကလပ်)၊ နေသွေး(ဗန်မော်မန်း)၊ ငွေကျား(စစ်ကိုင်း)၊ တာရာအောင်(ဗထူး-မြန်မာ့သိုင်း)၊ ဗထူးမောင်(ရတနာပုံကလပ်)၊ မဲကြီး(မြဇမ္ဗူကလပ်)၊ ကျော်စွာဝင်း(ယူနိုက်တက်)၊ ဗျဂ္ဃ(ကျားဖြူကလပ်)၊ မျိုးမင်းဟိန်း (ကျားဖြူကလပ်)၊ မြဇမ္ဗူ (မြဇမ္ဗူကလပ်)၊ ကျော်ဇင် (သထုံ)၊ အားမာန် (စစ်ကိုင်း)၊ ဟိန်းဇော်(မြဇမ္ဗူ)၊ စိုးမောင်ဦး(ရတနာပုံကလပ်)၊ ပိုးလေး(မန္တလေး)၊ ညီလေးမိုက်ခဲ(မတ္တရာ)၊ 5K ကျားဖြူကလပ်၊ သိန်းနိုင်ထွန်း(ယူနိုက်တက်)၊ မိုက်လက်သီး(မတ္တသီး)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)တို့ အပါအဝင် ဒေခံလက်ဝှေ့ကျော်များလည်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် အထက်မြန်မာပြည်မှ ပြည်တွင်းလက်ဝှေ့သမား အများစုပါဝင်ပြီး ဝါသနာရှင်ပြည်သူများ လာရောက်အားပေးကြည့်ရှုနိုင်ရန်အတွက် ရုံဝင်ကြေး ကို ငွေကျပ် ၃၀၀၀ သတ်မှတ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းခေတ်(မြန်မာ့အလင်း)

**ရွှေပြောင်းသွားလာ
အလုပ်လုပ်ကိုင်ရာ
ကြိုတင်လေ့လာ
ဘေးကင်းကွာ**

ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ပါ "လူထုဗဟိုပြုစီမံကိန်းဆိုင်ရာသင်တန်းဖွင့်လှစ်"သတင်းတွင် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘောဇောထံတို့ပူးပေါင်း၍** အစား **ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (စာတည်းအဖွဲ့)

ကျေးလက်ဒေသများ မီးလင်းရေးအတွက် ဆိုလာပြားများ ပေးအပ်

မြိတ် နိုဝင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် နန်းတော်ရာအုပ်စု ဓားသွေးကျေးရွာ၌ မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို နိုဝင်ဘာ ၂၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဓားသွေးကျေးရွာ မီးလင်းရေးအတွက် ဆိုလာပြား ၅၂ ပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ထွန်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအကြောင်း၊ မြို့နှင့်အလှမ်းကွာဝေးပြီး လျှပ်စစ်

မီးမရရှိသေးသော ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် မီးလင်းရေးနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး၊ မလိခစွမ်းအားကုမ္ဍဏီမှ တာဝန်ခံ ဦးအောင်ဝင်းထွန်းက ဆိုလာပြားတပ်ဆင်သုံးစွဲခြင်းဖြင့် တစ်နေ့တာ မီးအသုံးပြုနိုင်မှု၊ တာရှည်ခံအသုံးပြုနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်က ဓားသွေးရွာမှ အိမ်ထောင်စုများကိုယ်စား ဦးစောဌေးလယ်ထိသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၅၂ စုံကို ပေးအပ်ခဲ့သည်။

ထို့နောက် မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သော သဘွတ် ကျေးရွာသို့ ဆက်လက်သွားရောက်ပြီး စီမံကိန်းရန်ပုံငွေဖြင့် ဒေသခံပြည်သူများက ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောင်မြင်မှုအခြေအနေများ၊ စီမံကိန်းရန်ပုံငွေစာရင်းဇယားများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ရေဘေးကြုံတွေ့နိုင်သောကျေးရွာများသို့ စက်တပ်လှေများထောက်ပံ့ပေးအပ်

ဘားအံ နိုဝင်ဘာ ၂၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ ရေဘေးကြုံတွေ့နိုင်သော ကျေးရွာများအတွက် စက်တပ်လှေများကို ကရင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပူပေါင်းဆောင်ရွက်နေသော လူမှုဖွံ့ဖြိုးရေးအသင်း(CDA) အဖွဲ့က နိုဝင်ဘာ ၂၀ ရက်တွင် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဘေးကြုံတွေ့လာပါက ကျေးရွာနေပြည်သူများအား လိုအပ်သလို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရေဘေးကြုံတွေ့နိုင်သော ကျေးရွာများသို့ စက်တပ်လှေများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။ ဘားအံမြို့နယ်အတွင်းရှိ ရေပေါ်သောင်ကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ အိမ်တိုင်ကုန်းကျေးရွာနှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကော့စမိန်ကျေးရွာ စုစုပေါင်းကျေးရွာ လေးရွာအတွက် တစ်စင်းလျှင် ကျပ် ၁၂ သိန်းတန်ဖိုးရှိ အလျား ၁၅ ပေ၊ အကျယ် လေးပေ လူရှစ်ဦးဆံ့ စက်တပ်လှေ လေးစင်းကို ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးနှင့် CDA အဖွဲ့မှ တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းတွင် ကျောက်ချောခင်းလျက်ရှိ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရန်အတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော လမ်းပန်းဆက်သွယ်ရေး

တိုးတက်ကောင်းမွန်စေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း ကန်လွန်-ပွေးကျစ် ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကန်လွန်-ပွေးကျစ် ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၉၂ သန်းဖြင့် အောင်သရဖူကုမ္ဍဏီက စက်တင်ဘာလလယ်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ လမ်းအရှည်မှာ နှစ်မိုင်ဖြစ်ကြောင်း၊ ကျောက်ချောလမ်းပြီးစီးပါက ပွေးကျစ်၊ ကန်လွန်၊ ရုံး၊ သစ်ဆပ်ပင်၊ အမြောင်ကန် အစရှိသည့် ကျေးရွာများမှ လူဦးရေ ၃၂၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက်ပါ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

မြို့နယ်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲ မြင်းမူ၌ကျင်းပ

မြင်းမူ နိုဝင်ဘာ ၂၂

မြန်မာစာ တိုးတက်မြင့်မားရေးနှင့် ကျောင်းသား ကျောင်းသူများ၏ မြန်မာစာစွမ်းရည် မြင့်မားရေး အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ၏ မြို့နယ်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကို မြင်းမူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့ကြကြောင်း သိရသည်။

"မြို့နယ်အဆင့် မြန်မာစာ စွမ်းရည်ပြိုင်ပွဲကို ဒီနှစ်မှာ ပထမအကြိမ် ကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို မြို့နယ်အတွင်းမှာရှိတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းအားလုံးက ကျောင်းသားတစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ မြို့နယ်အဆင့်မှာ ရွေးချယ်ခံရတဲ့ ကျောင်းသား ကျောင်းသူများက တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်" ဟု မြင်းမူမြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းက ပြောသည်။

အဆိုပါ မြို့နယ်အဆင့် မြန်မာစာ စွမ်းရည်ပြိုင်ပွဲသို့ မူလတန်းအဆင့် ၁၀၀၊ အလယ်တန်းအဆင့် ၃၀ နှင့် အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြင်းမူမြို့နယ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင်လည်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာ ဆရာမပြိုင်ပွဲများတွင်လည်း မြို့နယ်ကိုယ်စားပြု ဆရာ ဆရာမများက နှစ်စဉ်ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ဖိုးခါး(ပြန်/ဆက်)**

လောကာနန္ဒာစေတီတော်ကြီး၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲ ကျင်းပမည်

စစ်တွေ နိုဝင်ဘာ ၂၂

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၁)၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က အမှာစကားပြောကြားပြီး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ခေတ္တဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ညနေ ၅ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကျေးရွာ ငါးရွာမှ ရက်ကန်းစင် ငါးစင်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၅ နာရီတွင် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းဆက်ကပ်ခြင်း၊ အနေကဇာတင်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မျက်စိဝေဒနာများ အခမဲ့ကုသပေးရန် ပြည်တွင်းပြည်ပမှ မျက်စိဆရာဝန်ကြီးများ ကလေးမြို့သို့ရောက်ရှိ

ကလေး နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သီတဝူ အာရောဂျဒါနဆေးရုံတော်၌ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့စစ်ဆေးကုသပေးရန် သီတဝူသာသနာပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမြအောင်၊ အင်္ဂလန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်သော ဒေါက်တာရစ်ချက်နှင့် ဒေါက်တာစမစ်တို့အဖွဲ့သည် ကလေးမြို့သီတဝူစက္ကုဒါနဆေးရုံတော်သို့ သီတဝူဆရာတော်ကြီး၏ စီစဉ်ဖိတ်ခေါ်မှုနှင့် သီတဝူသာသနာပြုအဖွဲ့က ကြီးမှူးဆောင်ရွက်မှုဖြင့် နိုဝင်ဘာ ၂၁ ရက်ကရောက်ရှိခဲ့ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား ကလေးပြည်သူ့ဆေးရုံမှ ဆရာဝန်များ စမ်းသပ်ပေးနေစဉ်။

သီတဝူစက္ကုဒါနဆေးရုံတော်သို့ ပြည်တွင်းပြည်ပဆရာဝန်ကြီးများ ရောက်ရှိနေသည့်ကာလတွင် ကလေးမြို့နယ်ရှိ မျက်စိဝေဒနာများခံစားနေရသော ဝေဒနာရှင်များအနေဖြင့် အခမဲ့လာရောက်ကုသနိုင်ကြရန် သီတဝူအာရောဂျဒါနဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့က ကြိုတင်အသိပေးနှိုးဆော်ဖိတ်ခေါ်ထားခဲ့ရာ နိုဝင်ဘာ ၂၀ ရက်အထိ မျက်စိဝေဒနာရှင် ၁၂၇၄ ဦးကို လက်ခံရရှိကြောင်း၊ အဆိုပါ မျက်စိဝေဒနာရှင်များအား ကလေးမြို့ပြည်သူ့ဆေးရုံမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာမောင်မောင်မြင့်နှင့် ဒေါက်တာအောင်နိုင်ထွန်းတို့က မျက်စိရောဂါများ စမ်းသပ်ပေးခဲ့ကြောင်း၊ ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင်ဦးရေ ၂၇၀ ရှိကြောင်း သိရသည်။

ထို့အပြင် အာခေါင်ကွဲနှင့် နှုတ်ခမ်းကွဲဝေဒနာရှင်များကိုလည်း ကလေးမြို့ပြည်သူ့ဆေးရုံကြီး၌ စစ်ဆေးစမ်းသပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်အထိ ခွဲစိတ်ရန်လိုအပ်သည့်ဝေဒနာရှင် ၇၀ ကို လက်ခံရရှိထားပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ သီတဝူအာရောဂျဆေးရုံတော်ကို ရဟန်းရှင်လူ ပြည်သူ အများကောင်းမှုဖြင့် ကမ္ဘာ့သာသနာပြု သီတဝူဆရာတော်၊ စကားလှခမ္မာရုံဆရာတော်၊ နေသာပညာဒါနဆရာတော်၊ မဟာသန္တာရုံဆရာတော်များ၏ ဩဝါဒကိုခံယူပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်တွင် စုစုပေါင်း မျက်စိဝေဒနာရှင်လူနာ ၆၉၁၁ ဦးတို့ကို စစ်ဆေးခဲ့နိုင်ပြီး ဝေဒနာရှင်လူနာ ၁၅၇၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူနိုင်း

(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံတည်ဆောက်မှု ၇၅ရာခိုင်နှုန်းပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီးကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေများဖြင့် (၁၆)ခုတင်ဆံ့ဆေးရုံကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံတွင် အမျိုးသား လူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုများအခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်းများပါဝင်ပြီး အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေရှိ အာရစ်စတစ်ထပ်အဆောက်အအုံဖြစ်ကာ မြန်မာ့ခေတ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ရွာကုန်းကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ ကျွန်းလှမြို့နယ်အတွင်း ကျေးရွာများသာမက ကောလင်းမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများကပါ လာရောက်ဆေးကုသမှုခံယူကြသဖြင့် နေရာအခက်အခဲရှိကြောင်း၊ ယခုတိုက်နယ်ဆေးရုံအဆောက်အအုံသစ် တည်ဆောက်ပြီးစီးပါက ဆေးကုသမှုခံယူကြသူများအတွက် ပို၍အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မျိုးဝင်းညီ(ကျွန်းလှ)

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းဆင်းပွဲကျင်းပ

ဝမ်းတွင်း နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မိထွေလာခရိုင် ဝမ်းတွင်း မြို့နယ်၌ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သော ဒုတိယအကြိမ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက်က ရွာရှည်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်ရိရိဦးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအပ်ချုပ်သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသူဇာလှနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာမများအား ထောက်ပံ့ကြေးနှင့် လက်ဆောင်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဌေးလှိုင်(ဝမ်းတွင်း)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (၂၆) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

မြိတ် နိုဝင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (၂၆) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ မြို့နယ်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ဝေါလ်ဒီးရှင်းဌာနေကိုယ်စားလှယ် မစ္စတာဆူရက်(ရှ်)ဘာ့လတ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ရွှေပြည်တန်ရပ်ကွက်မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်လှုပ်ရှားမှု Child Protection Advocacy Group အဖွဲ့ခေါင်းဆောင် မဇင်မာချို၊ အပြည်ပြည်ဆိုင်ရာကလေးများနေ့ ဖြစ်ပေါ်လာပုံနှင့် စီမံချက်ရပ်ကွက်များအတွင်း ကလေးများအပေါ် ဆိုးကျိုးသက်ရောက်နေသည့် အကြောင်းအရာများအား တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် အင်းလေးမြိုင်ရပ်ကွက်မှ ကိုယ့်အားကိုယ်ကိုး မူကြိုကလေးများက မေတ္တာစက်ဝိုင်းသီချင်း တေးသရုပ်၊ ပညာရေးဌာနမှ ကင်းထောက်လူငယ်များ၏ စွမ်းဆောင်ရည်များ၊ မြို့မ(၁)ရပ်ကွက်မှ ကျောင်းပြင်ပပညာရေးကလေးများက မိမိုးဇာတ်လမ်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကာ ဖျော်ဖြေတင်ဆက်မှုများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသည့်အဖွဲ့များအား မြိတ်ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်မော်မော်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

မြင့်ဦး(မြိတ်)

သတင်းတို

မလှိုင်မြို့ ကထိန်ပွဲများတွင် ရိုးရာကျွဲအကများ ပါဝင်လျက်ရှိ

မြန်မာ့ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ခုဖြစ်သော တန်ဆောင်မုန်းလ ကထိန်ပွဲတော်၌ မဲကျရာဘုန်းတော်ကြီးကျောင်းများသို့ ကထိန်သင်္ကန်းများ ကပ်လှူခြင်းနှင့် အလှူပွဲများကို ကျင်းပလေ့ရှိပြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ရာတွင် ရိုးရာအစဉ်အလာအတိုင်း ဆင်အက၊ ကျွဲအကအဖွဲ့များဖြင့် စည်ကားစွာ သွားရောက်လေ့ရှိရာ မလှိုင်မြို့နယ်တွင်လည်း မဲကျရာဘုန်တော်ကြီးကျောင်းတိုက်များသို့ သွားရောက်ကထိန်ခင်းသော အချိန်တွင် မလှိုင်မြို့၏ ရိုးရာဖြစ်သော ကျွဲအကအဖွဲ့များဖြင့် စည်ကားစွာသွားရောက်ကြသည်ကို တွေ့ရသည်။

ကျော်ကျော်(မလှိုင်)

ကျေးရွာများ မီးလင်းရေးအတွက် ဆိုလာပြားများပေးအပ်

နတ်တလင်း နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စုနှင့်တောင်ယာတောကျေးရွာအုပ်စုများ၌ မီးလင်းရေးအတွက် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုဝင်ဘာ ၂၀ ရက်တွင် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြည်ကျေးရွာအုပ်စုတွင် ချောက်ခမ်းရွာနှင့် ရေကြည်ရွာများတွင် လျှပ်စစ်မီးလင်းပြီးဖြစ်ကာ ရေဆည်ရွာတွင် ဆင်းရဲနွမ်းပါးသူ များသောကြောင့် လျှပ်စစ်မီးသွယ်ယူရန် ငွေကြေးအခက်အခဲရှိကြောင်း၊ ထို့ကြောင့် အိမ်ခြေ ၇၂ အိမ်အတွက် ဆိုလာပြားအစုံ ၇၂ စုံကိုပေးအပ်ပြီး အိမ်တိုင်းမီးလင်းနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ တစ်အိမ်တက်ဆင်း အပြီးတပ်ဆင်ပေးခဲ့ကြောင်း၊ တောင်ယာတောကျေးရွာအုပ်စုမှ ကြို့ပင်အင်းရွာရှိ အိမ်ခြေ ၁၆၇ အိမ်အတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၁၆၇ စုံကိုလည်း ပေးသွားခဲ့ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ထွန်းက ပြောကြားသည်။

တင်မြင့်(နတ်တလင်း)

ဝန်ထမ်းများက ဆိုလာပြားများ တပ်ဆင်ပေးနေစဉ်။

ရေကုန်ရောခန်းယှဉ်ပြိုင်ကြမယ့် ချန်ပီယံလိဂ် ပွဲစဉ်တွေ

ချန်ပီယံလိဂ်ပွဲစဉ်တွေကို နိုဝင်ဘာ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေက အမှတ်ပြည့်ရရှိဖို့ လိုအပ်နေပြီဖြစ်တဲ့အတွက် အသင်းတိုင်းခြေကုန်ထုတ်လာဖို့ ရှိနေပါတယ်။ အထူးသဖြင့် နာမည်ကြီး ထိပ်တန်းအသင်းတွေရဲ့ ခြေစွမ်းပိုင်း ဘယ်လောက်အထိ မြင့်မားနေဆဲဖြစ်တယ်ဆိုတာ စောင့်ကြည့်အကဲခတ်ခွင့်ရဦးမှာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတွေဆက်တိုက်ရောက်ရှိလာဦးမှာဖြစ်ပါတယ်။

ဘာစီလိုနာနှင့် ရိုးမား

အုပ်စု(E)မှာ ဘာစီလိုနာတို့ ၁၀ မှတ်နဲ့ ဦးဆောင်နေသလို ရိုးမားတို့ကလည်း ငါးမှတ်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘာစီလိုနာတို့က BATE အသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့သလို ရိုးမားတို့ကလည်း လေဗာကူဆင်ကို နိုင်ပွဲရခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ အားထုတ်မှုပိုင်းကိုကြည့်ရင် အိမ်ရှင်တို့က နေရာစုံမှာ အားသာချက်ရှိနေပြီး တိုက်စစ်ပိုင်းမှာလည်း လူစုံပြန်ပါဖို့ရှိနေတာမို့ ရိုးမားတို့ ကစားအားကောင်းပေမယ့် ရလဒ်ပိုင်း မကောင်းနိုင်ပါဘူး။

BATE နှင့် လေဗာကူဆင်

နှစ်သင်းစလုံးအခြေအနေမကောင်းပေမယ့် အားထုတ်မှုအပိုင်းမှာ လေဗာကူဆင်တို့က အားသာချက်ရှိနေပါတယ်။ လေဗာကူဆင်တို့က လေးမှတ်ရထားသလို BATEတို့ကလည်း သုံးမှတ်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရိုးမားကွင်းမှာ ရှုံးပွဲကြုံခဲ့ရပေမယ့် လေဗာကူဆင်ရဲ့ ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ခြေပျက်နေတဲ့ BATE တို့ အိမ်ကွင်းဖြစ်ပေမယ့် တစ်မှတ်ထက်ပိုပြီး မရနိုင်တဲ့ ပွဲပါပဲ။

အာဆင်နယ်နှင့် ဒိုင်နမိုဇာဂရက်

အုပ်စု(F)မှာ အာဆင်နယ်တို့ လေးပွဲကစား၊ သုံးမှတ်ရပြီး စတုတ္ထနေရာမှာရှိနေသလို ဒိုင်နမိုဇာဂရက်တို့လည်း သုံးမှတ်ရကာ တတိယနေရာမှာရှိနေပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ အရှုံးကြီးရှုံးခဲ့တဲ့ အာဆင်နယ်ဟာ ဒီပွဲကို မဖြစ်မနေနိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဒိုင်နမိုဇာဂရက်တို့ကတော့ ပြီးခဲ့တဲ့ပွဲမှာ အိုလံပီယာကို့စ်ကို ရှုံးခဲ့တာမို့ ဒီပွဲမှာ လူစုံထုတ်လာပေမယ့် အိမ်ရှင်တို့ ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။

ဇင်းနစ်နှင့် ဗလင်စီယာ

အုပ်စု(H)မှာတော့ ဇင်းနစ်တို့ ခြေစွာနေပြီး လေးပွဲကစား၊ ၁၂ မှတ်နဲ့ ဦးဆောင်နေပါတယ်။ ဗလင်စီယာတို့ကတော့ ခြောက်မှတ်နဲ့ ဒုတိယနေရာမှာရှိနေပြီး အခုပွဲမှာ အမှတ်ပြည့်ရယူရေးဦးတည်ပြီး ကြိုးစားလာပါလိမ့်မယ်။ ဒါပေမယ့် ဇင်းနစ်ဟာ တိုက်စစ်ရော ခံစစ်ပိုင်းပါ ဟန်ချက်ညီနေတာမို့ ဗလင်စီယာတို့ အပြင်းအထန်ကြိုးစားပေမယ့် အရာထင်ဖို့ မလွယ်ပါဘူး။ ဂိုးမပြတ်ပေမယ့် ဇင်းနစ်တို့ပဲ နိုင်ပွဲဆက်ဦးမှာဖြစ်ပါတယ်။

လိုင်ယွန်နှင့် ဂျန့်

အုပ်စု(H)မှာ လိုင်ယွန်တို့ အခြေအနေမကောင်းတော့ပါဘူး။ လေးပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိထားတဲ့ လိုင်ယွန်ကို လေးမှတ်ရရှိထားတဲ့ ဂျန့်တို့ ပညာပေးမှုခံရဦးမှာဖြစ်ပါတယ်။ ဂျန့်တို့က ပြီးခဲ့တဲ့ပွဲစဉ်မှာ ဗလင်စီယာကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပေမယ့် လိုင်ယွန်တို့တော့ ဇင်းနစ်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ဧည့်သည်ဂျန့်ကို ပိုပြီးနှစ်သက်မိတာအမှန်ပါပဲ။

ပေါ်တိုနှင့် ဒိုင်နမိုကိဗ်

အုပ်စု(G)မှာ ပေါ်တိုက လေးပွဲကစား ၁၀ မှတ်နဲ့ ဦးဆောင်နေပြီး ဒိုင်နမိုကိဗ်တို့ကတော့ ငါးမှတ်နဲ့ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒီပွဲကို မဖြစ်မနေနိုင်ပွဲကစားမှရမယ့် နှစ်သင်းစလုံးအတွက်တော့ အပြိုင်ခြေကုန်ထုတ်ရမယ့်ပွဲဖြစ်နေပါတယ်။ ပေါ်တိုဟာ အသင်းလိုက်ကစားအားကောင်းတာမို့ ဒိုင်နမိုကိဗ်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။

မက္ကာဘီတဲလ်အဗစ်နှင့် ချယ်လ်ဆီး

အုပ်စု(G)မှာ မက္ကာဘီတဲလ်အဗစ်တို့ တစ်မှတ်မှမရသေးပါဘူး။ ချယ်လ်ဆီးက ခုနစ်မှတ်ရရှိနေပြီး ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် ချယ်လ်ဆီးတို့ အလေးထားကစားပါလိမ့်မယ်။ ချယ်လ်ဆီးတို့ရဲ့ စွမ်းဆောင်မှုက အောင်ပွဲရလဒ်ကို သယ်ဆောင်လာမယ်လို့ ယုံကြည်ပါတယ်။

■ ဖိုးမြင့်လင်းလက် ■

လီဗာပူးနဲ့ပွဲမှာ အကောင်းဆုံးဂိုးသွင်းခဲ့တယ်ဆိုတဲ့ မာရှယ်

မန်ယူလူငယ်တိုက်စစ်မှူး အန်ထော်နီမာရှယ်က သူ့ရဲ့ ကစားသမားဘဝတစ်လျှောက်မှာ လီဗာပူးနဲ့ ကစားတဲ့ပွဲမှာ သွင်းယူခဲ့တဲ့ဂိုးဟာ အကောင်းဆုံးပဲလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူးမာရှယ်ကို ပရီမီယာလိဂ်ရာသီအစမှာ ပြင်သစ်ကလပ် မိုနာကို မှ ပေါင် ၅၈ သန်းနဲ့ မန်ယူက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူဟာ ဆယ်ကျော်သက်ထဲမှာတော့ စေ့ားအများဆုံး ပြောင်းရွှေ့ကြေးနဲ့ မန်ယူက ခေါ်ယူလိုက်တာဖြစ်ပါတယ်။ မာရှယ်က သူ့တစ်သက်မှာ အကြိုက်ဆုံးဘောလုံးအသင်းကို ပြောပါဆိုရင် ဂွာဒီယိုလာကိုင်တွယ်ခဲ့တဲ့ ဘာစီလိုနာအသင်းကို အကြိုက်ဆုံးပဲတဲ့။ အကြိုက်ဆုံးဘောလုံးသမားကတော့ စီရော်နယ်ဒိုလို့ ဆိုပါတယ်။ ကျွန်တော်အားကျခဲ့ရတဲ့ ဘောလုံးသမားတွေထဲမှာ စီရော်နယ်ဒိုဖြစ်ပါတယ်လို့ မန်ယူလူငယ်တိုက်စစ်မှူး မာရှယ်က ဆိုပါတယ်။ မာရှယ်ဟာ ယခုနှစ်ပရီမီယာလိဂ်အစ လီဗာပူးနဲ့ မန်ယူတို့ ကစားခဲ့တဲ့ပွဲမှာ မာတာအစား ဝင်ကစားပြီး အလှပဆုံးဂိုးကို သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဒီဂိုးကြောင့် မာရှယ်ဟာ မန်ယူအသင်းမှာ အဓိကကစားသမားဖြစ်လာခဲ့ပါတယ်။

အသက် ၂၃ နှစ်မပြည့်မီ ဂိုး ၅၀ သွင်းမယ့် လူကာကူ

ရိုမီယို လူကာကူဟာ အဲဗာတန်နဲ့ ဝက်စ်ဘရွန်းတို့ ကစားတဲ့ပွဲမှာ ၄၉ ဂိုးမြောက်ဂိုးအဖြစ် သွင်းယူခဲ့ပါတယ်။ သူဟာ အသက် ၂၃ နှစ်မပြည့်မီ ဂိုး ၅၀ သွင်းယူပေးမယ့် ပဉ္စမမြောက် ပရီမီယာလိဂ် ကစားသမားဖြစ်လာတော့မှာဖြစ်ပါတယ်။ ရော်ဘီဖောင်လာဟာ အသက် ၂၀ နဲ့ ရှစ်လ၊ ရှစ်ရက်နဲ့ ဂိုး ၅၀ သွင်းယူခဲ့ပါတယ်။ မိုက်ကယ်အိုဝင်၊ စီရော်နယ်ဒိုနဲ့ ဝိန်းရွန်းနေတို့ဟာလည်း အသက် ၂၃ နှစ်မပြည့်မီမှာ ပရီမီယာလိဂ်ဂိုး ၅၀ သွင်းယူခဲ့ကြသူတွေပါ။ ဘယ်လ်ဂျီယံကစားသမား လူကာကူဟာ လက်ရှိအဲဗာတန်အသင်းမှာ ကစားလျက်ရှိပြီး ဒီနှစ်ထဲမှာ ခြေစွမ်းပြကစားလာတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ၂၀၁၀ ခုနှစ်က အန်ဒါလက်ချ်အသင်းမှ ချယ်လ်ဆီးသို့ ပြောင်းခဲ့တာဖြစ်ပါတယ်။ လူကာကူဟာ ယခုနှစ်ပြိုင်ပွဲအားလုံးမှာ ကိုးဂိုးသွင်းယူပေးထားပါတယ်။ သူဟာ အသက် ၂၃ နှစ်မပြည့်မီ ဂိုး ၅၀ သွင်းယူနိုင်တဲ့ ဝီရီမီယာလိဂ်ရဲ့ ငါးဦးမြောက် ကစားသမားဖြစ်လာတော့မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ၄၉ ဂိုးအထိ သွင်းယူထားပြီးဖြစ်လို့ တစ်ဂိုးသာလိုပါတော့တယ်။

အာဆင်နယ်က ပွဲထုတ်ဖို့ ကြိုးစားနေတဲ့ လူငယ်တိုက်စစ်မှူး ဗလက်ဒရာဂိုမီယာ

အာဆင်နယ်နည်းပြ ဝင်းဂါးအနေနဲ့ အသက် ၁၆ နှစ်အရွယ်သာရှိသေးတဲ့ ရိုမေးနီးယားကစားသမား လူငယ်ကြယ်တစ်ပွင့်ဖြစ်တဲ့ ဗလက်ဒရာဂိုမီယာကို အသင်းကြီးနဲ့အတူ ပွဲထုတ်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ သူဟာ လူငယ်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်လာပါတယ်။ တိုက်စစ်မှူး ဒရာဂိုမီယာဟာ အာဆင်နယ်အသင်းရဲ့ ဝါရင့်ကစားသမားတွေဖြစ်တဲ့ အိုဇေလ်၊ ဆန်ချက်ဇီတို့နဲ့အတူ လေ့ကျင့်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။

ဒီလအတွင်းမှာ ကျင်းပမယ့် ပြိုင်ပွဲတွေမှာ ပါဝင်လာဖွယ်ရှိနေပါတယ်။ ဒရာဂိုမီယာဟာ နွေရာသီက အေစီအက်စ်တီမီဆိုယာရာအသင်းမှ ပေါင် ၁၀၀၀၀၀ နဲ့ ပြောင်းရွှေ့လာတာပါ။ နည်းပြ ဝင်းဂါးအနေနဲ့ အရည်အသွေးရှိတဲ့ ရိုမေးနီးယားကစားသမားကို အာဆင်နယ်နဲ့ အကောင်းဆုံးလေ့ကျင့်ပေးပြီး ပွဲထုတ်ကစားဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

အသက် ၁၆ နှစ်အရွယ်သာရှိပေမယ့် ကစားပုံအနေအထား အတော်လေးကောင်းလာတဲ့အတွက် အသင်းကြီးနဲ့ ပွဲထုတ်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ လင်းလက်လာမယ့် ကြယ်တစ်ပွင့်လို့ဆိုရမှာဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

အိမ်တိုင်ရာရောက် စာတိုက်ဝန်ဆောင်မှုကြောင့် ငွေနှင့်စာပို့လိုသူများအဆင်ပြေ

ရန်ကုန် နိုဝင်ဘာ ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အောက်ရှိ စာတိုက်များ၌ စာတိုက်မှတစ်ဆင့်ပို့လိုသော စာများ၊ လွှဲငွေများကို စာတိုက်မှ တာဝန်ရှိသူဝန်ထမ်းများက အိမ်တိုင်ရာရောက် လိုက်လံယူဆောင်ပေးသည့် ဝန်ဆောင်မှုကို ပြုလုပ်ပေးသဖြင့် စာပို့လိုသူများနှင့် ငွေလွှဲလိုသူများ အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်ရှိ သတင်းဂျာနယ်တိုက်တစ်ခုမှ ရုံးအဖွဲ့မှူး ဦးညွှန့်အေးက ယခင်က နယ်များမှ သတင်း၊ ဆောင်းပါးပေးပို့သူများအား ဥာဏ်ပူဇော်ခငွေနှင့် ဂျာနယ်များ ပေးပို့ရာတွင် လှိုင်မြို့နယ် စာတိုက်မှတစ်ဆင့်ပေးပို့ပြီး စာတိုက်သို့ ဂျာနယ်တိုက်မှဝန်ထမ်းများကို စေလွှတ်ရကြောင်း၊ ယခုအခါ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါက အိမ်တိုင်ရာရောက် လာရောက်ကောက်ယူပေးမှုကြောင့် အချိန်နှင့်စရိတ်ကုန်ကျမှု သက်သာပြီး အဆင်ပြေကြောင်း ပြောသည်။

နယ်မြို့ကြီးများတွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ထွန်းကားနေပြီဖြစ်၍ ငွေလွှဲရာတွင် ဘဏ်မှလွှဲခြင်းက စရိတ်သက်သာသော်လည်း မြို့လေးများတွင်မူ စာတိုက်များကိုသာ အားထားနေရဆဲဖြစ်ကာ မှတ်ပုံတင်စာများ ပေးပို့ရာတွင်လည်း စာတိုက်များကိုသာ အားထားနေရဆဲဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်မြို့တွင်တွင် ယာဉ်ကြောပိတ်ဆို့မှုများ များပြားနေချိန်တွင် ယခုကဲ့သို့ စာတိုက်မှ အိမ်တိုင်ရာရောက် လိုက်လံယူဆောင်ပေးသည့် ဝန်ဆောင်မှုကြောင့် ပြည်သူများအတွက် အဆင်ပြေစေသဖြင့် အဆိုပါဝန်ဆောင်မှုအကြောင်းကို အများပြည်သူ ပိုမိုသိရှိလာအောင် အသိပေးရန်လိုအပ်ကြောင်းလည်း ၄င်းက ဆက်ပြောသည်။

စာနှင့် လွှဲငွေများ အိမ်တိုင်ရာရောက် ကောက်ယူပေးသည့်ဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသည်မှာ သုံးလခန့်ရှိနေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသဖြင့် ပြည်သူများအနေဖြင့် ခရီးစရိတ်ကုန်ကျမှုသက်သာပြီး နယ်မြေစာတိုက်များအပေါ် ပိုမိုအားထားအသုံးပြုလာသလို စာတိုက်လုပ်ငန်းများ

အတွက်လည်း ဝင်ငွေပိုမိုရရှိစေကြောင်း ဘုရင့်နောင်စျေးရှိ စာတိုက်မှူး၏ ပြောကြားချက်အရ သိရသည်။ **ခင်ဆိုင်**

(၂၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၂

(၂၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးအတွင်း ကလေးသူငယ် အကျိုးကိစ္စများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများဖြစ်သော Save the Children, World Vision, NCRWG, CFN, Care, TLMM, CCT, ရွှေမင်းသားဖောင်ဒေးရှင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဌာနငယ်၊ သင်တန်းကျောင်းများပူးပေါင်းပြီး မန္တလေးမြို့ ကျုံးမြောက်ဘက်ရှိ လူငယ်သင်တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးအောင်ဇံ၊ တိုင်းဒေသကြီး CRC ကော်မတီဝင်များနှင့် INGO များမှ ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများနှင့် ပရဟိတဂေဟာများမှ ကလေးသူငယ်များ၊ INGO အဖွဲ့အစည်းများမှ ကလေးသူငယ်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက အမှာစကားပြောကြားပြီး World Vision တာဝန်ခံ ဒေါ်အမရာစံမင်းက (၂၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ CRC Day နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ ကလေးပြုစုရေးဌာန၊ နားမကြားသော ကလေးများကျောင်း၊ World Vision မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် ရန်ကင်း၊ စတု၊ မေတ္တာရတနာအဖွဲ့များမှ ကလေးသူငယ်များ၏ ပြဇာတ်၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဒိုက်ဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားနှင့် သံချည်သံကွေး သင်တန်းဆင်း

ပဲခူး နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်/လက်သမားသင်တန်းအမှတ်စဉ် (၁/၂၀၁၅) နှင့် (၂/၂၀၁၅) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက်က ဒိုက်ဦးမြို့နယ် ပသွယ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းတို့က သင်တန်းဆင်းလက်မှတ်များနှင့် ပန်းရန်/လက်သမားသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ (၁/၂၀၁၅)နှင့် (၂/၂၀၁၅)တို့မှ သင်တန်းသား ၁၀၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို တစ်လကြာဖွင့်လှစ်ကာ အခြေခံလက်သမား၊ ပန်းရန်၊ သံချည်သံကွေးပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

သားသတ်လုပ်ငန်းမှ အညစ်အကြေးများကို လမ်းပေါ်တွင် စွန့်ပစ်သူများအား တိုင်ကြားထား

ပျဉ်းမနား နိုဝင်ဘာ ၂၂

သားသတ်လုပ်ငန်းမှထွက်ရှိသော အညစ်အကြေးများကို ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်ရှိ အများပြည်သူအသုံးပြုရာ လမ်းမပေါ်၌ လာရောက်စွန့်ပစ်သူများအား ရပ်ကွက်နေပြည်သူများက လိုက်လံဖမ်းဆီးကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုင်ကြားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၅ ရက် နံနက် ၁ နာရီခန့်တွင် ဘောဂဝတီရပ်ကွက် အစိုးရမူလတန်းကျောင်းရှေ့ရှိ လမ်းမပေါ်၌ ကင်တာယာဉ်တစ်စီး ရောက်လာပြီး ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ဖိုင်ဘာကန် နှစ်ကန်ထဲတွင်ထည့်ထားသော သားသတ်လုပ်ငန်းမှထွက်သည့် အညစ်အကြေးအရည်များကို လမ်းပေါ်သို့ သွန်ချက မောင်းထွက်သွားကြောင်း၊ ရပ်ကွက်နေပြည်သူတစ်ဦးက တွေ့မြင်ခဲ့ပြီး ရပ်ကွက်တာဝန်ရှိသူများထံ ဖုန်းဆက်အကြောင်းကြားကာ ပြည်သူများစုပေါင်း၍ အဆိုပါကင်တာယာဉ်ကို လိုက်လံဖမ်းဆီးခဲ့ရာ ယာဉ်မောင်းနှင့် အတူ အညစ်အကြေးရည်များ သွန်နေသူများကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းမိသူများအား မေးမြန်းချက်အရ ကြက်ဒိုင်တစ်ခုမှ လုပ်သားများဖြစ်ကြောင်း၊ ကြက်ဒိုင်မှ အညစ်အကြေးများကို ကြက်ဒိုင်တာဝန်ရှိသူက သွန်ခိုင်းရာ စည်ပင်မှ သတ်မှတ်နေရာမပေးထားသောကြောင့် လမ်းပေါ်သို့ သွန်ချခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် အများပြည်သူ သွားလာရာလမ်းတွင် အညစ်အကြေးများကို စွန့်ပစ်သူများအား အရေးယူပေးရန် ရပ်ကွက်တာဝန်ရှိသူများက သက်ဆိုင်ရာသို့ ထပ်မံတိုင်ကြားထားကြောင်း သိရသည်။

ရဲရဲ(ပျဉ်းမနား)

ပဲစင်းငုံမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေးအတွက် တောင်သူပညာပေးဟောပြောပွဲပြုလုပ်

မလှိုင် နိုဝင်ဘာ ၂၂

ပဲစင်းငုံမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများနှင့် အထွက်နှုန်းမြင့်မားစေသည့် နည်းပညာများကို တောင်သူများ သိရှိစေရန်အတွက် ပညာပေးဟောပြောပွဲနှင့် ကွင်းသရုပ်ပြပွဲကို မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကျပ်ဆည်ကျေးရွာအုပ်စု ဆပ်ခင်းကြီးကျေးရွာရှိ မုံရွာရွှေဒင်္ဂါးပဲစင်းငုံ မျိုးသန့် ငါးဧက စံပြကွက်၌ နိုဝင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က ပညာပေးဟောပြောပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက ကုန်ကျစရိတ်သက်သာ၍ အထွက်တိုးစေသည့် ယူရီယားမြေဩဇာနှင့် လက်ချားမှုန့်အသုံးပြုနည်းကို တောင်သူများအား ရှင်းလင်းဟောပြောကာ ယူရီယားမြေဩဇာနှင့် လက်ချားမှုန့်များကို တောင်သူများထံပေးအပ်၍ ပဲစင်းငုံမျိုးသန့်မျိုးပွားစိုက်ခင်းကို လက်တွေ့စုပေါင်းဆေးပက်ဖျန်းခဲ့ကြသည်။

“အထွက်နှုန်းကောင်းပြီး ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့ မုံရွာရွှေဒင်္ဂါးပဲစင်းငုံမျိုးကို တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မျိုးပြောင်းလဲစိုက်ပျိုးစေချင်ပါတယ်။ တောင်သူတွေအနေနဲ့ လုပ်ရတာချင်းအတူတူ ပိုမိုအကျိုးရှိစေချင်လို့ ခုလိုလက်တွေ့ခေါ်ပြတာပါ”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက ပြောသည်။

တောင်သူများအနေဖြင့် မျိုးပြောင်းလဲစိုက်ပျိုးလိုပါက မျိုးဖြန့်ပေးနိုင်အောင် မျိုးစေ့ဘဏ်စနစ်ဖြင့် မျိုးသန့်မျိုးပွားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ “ပြီးခဲ့တဲ့နှစ်က ဧက ၆၀ စိုက်ပျိုးပြီး တောင်သူများထံ မျိုးဖြန့်ဝေပေးခဲ့တယ်။ ဒီနှစ် ဧက ၁၀၀ အကွက်ကျယ်စံပြကွက် တိုးချဲ့စိုက်ပျိုးထားပြီး တောင်သူများထံ ဆက်လက် မျိုးဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆက်ပြောသည်။

ဟောပြောပွဲနှင့် ကွင်းသရုပ်ပြပွဲကို မျိုးသန့်ပြောင်းလဲစိုက်ပျိုးရန် တောင်သူပညာပေးခြင်းအပြင် ကုန်ကျစရိတ်နည်းနည်းနှင့် အစေ့အဆန်အောင်မြင်ပြီး အထွက်နှုန်းတိုးစေသည့် ယူရီယားမြေဩဇာနှင့် လက်ချားမှုန့်သုံးနည်းကိုလည်း တောင်သူများသိစေချင်သဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ဟောပြောပွဲသို့ ဆပ်ခင်းကြီး၊ တည်ကုန်း၊ မင်းလှ၊ သပြေလှ၊ ငွေးကုန်းနှင့် ယာရှည်ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

သတင်းတို

ကျေးရွာအဝင်ကျောက်ချောလမ်းခင်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရွာလှကုန်းကျေးရွာအဝင်လမ်းကျောက်ချောခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းထွန်းနှင့် အဖွဲ့က နိုဝင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစေရေး မှာကြားခဲ့သည်။ ရွာလှကုန်းကျေးရွာအဝင် ကျောက်ချောလမ်းခင်းပြီးပါက ဒေသခံပြည်သူများအနေဖြင့် မြင်းခြံ-ငါန်းဇွန် အဝေးပြေးလမ်းမကြီးပေါ်သို့ လွယ်ကူချောမွေ့စွာ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကျေးရွာသုံးရွာ လျှပ်စစ်မီးလင်းရေးအတွက် ထရန်စဖော်မာသုံးလုံးလျှုဒါန်း

ရေစကြို နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ်အတွင်း ကျေးလက်ဒေသများ မီးလင်းရေးအတွက် ထရန်စဖော်များ များကို အကြိမ်ကြိမ်လျှုဒါန်းနေသော မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း(ကံပွင့်ကုမ္ပဏီလီမိတက်)မိသားစုက နိုဝင်ဘာ ၂၀ ရက်တွင် အဋ္ဌမ အကြိမ်မြောက် လျှုဒါန်းမှုအဖြစ် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေသော ကျေးရွာသုံးရွာ သို့ထရန်စဖော်မာသုံးလုံးကို ပေးအပ် လျှုဒါန်းခဲ့ကြောင်း သိရသည်။

လျှုဒါန်းပွဲတွင် အလျှုရှင်ဦးအောင်သန်းက နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ ပို၍အဆင့်အတန်းမြင့်လာစေရန်ရည်ရွယ်ချက်ဖြင့် လျှုဒါန်းခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ထရန်စဖော်မာများလျှုဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလျှုရှင် ဦးအောင်သန်း မိသားစုက ဝါယာကျေးရွာအတွက် ၃၁၅ ကေဗီအေ ထရန်စဖော်မာတစ်လုံးကို လည်းကောင်း၊ ထန်းဆယ်ပင်ကျေးရွာအတွက် ၃၁၅ ကေဗီအေ ထရန်စဖော်မာတစ်လုံးကိုလည်းကောင်း၊ မြေဖြူကျေးရွာအတွက် ၁၆၀ ကေဗီအေ ထရန်စဖော်မာတစ်လုံးကို လည်းကောင်း ကျေးရွာများမှ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌများထံသို့ ပေးအပ်လျှုဒါန်းခဲ့သည်။

ထရန်စဖော်မာအလျှုရှင် ဦးအောင်သန်းနှင့်ဇနီး အဂ္ဂမဟာ သီရိသုဓမ္မ သီဂီ ဒေါ်ခင်သန်းဦးမိသားစုသည် ကျေးလက်ဒေသများ မီးလင်းရေးအတွက် ထရန်စဖော်မာများကို လျှုဒါန်းခဲ့ရာ ယခုအကြိမ်သည် အဋ္ဌမ အကြိမ်မြောက်ဖြစ်ကြောင်း၊ ရေစကြိုမြို့နယ် ဆင်ကြို့ရွာ သရက္ခန်ဘုရားအတွက် ထရန်စဖော်မာတစ်လုံး၊ ပြင်ဦးလွင်မြို့ တိပိဋ္ဌက မဟာဂန္ဓာဝင်ဓမ္မရိပ်သာအတွက် ထရန်စဖော်မာတစ်လုံးနှင့် ယခု ကျေးရွာသုံးရွာအတွက် လျှုဒါန်းသည့် ထရန်စဖော်မာ သုံးလုံးအပါအဝင် စုစုပေါင်း ကျေးရွာ ၃၄ ရွာအတွက် ထရန်စဖော်မာ ၂၉ လုံး၊ တန်ဖိုးကျပ် ၁၇၆၆ သိန်းခန့်ကို လျှုဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖေထွေး(ရေစကြို)

ကျုံ့ပျော်မြို့တွင်း ပိုလ်ချုပ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

ကျုံ့ပျော် နိုဝင်ဘာ ၂၂

ရောဝတီတိုင်းဒေသကြီး ကျုံ့ပျော်မြို့တွင်းရှိ ပိုလ်ချုပ်လမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုများနိုဝင်ဘာ ၂၀ ရက်က စတင်

ပိုလ်ချုပ်လမ်းမကြီး ကွန်ကရစ်ခင်းရန်အတွက် နိုင်ငံတော်မှ ဘိလပ်မြေအိတ် ၂၀၀၀၀ ချထားပေးပြီး ဆက်စပ်ပစ္စည်းများဖြစ်သော ကျောက်စရစ်နှင့် သဲများ ဝယ်ယူရန်နှင့် လုပ်အားခများအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ပံ့ပိုးကူညီထားကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီကွန်ကရစ်လမ်းကို အကျယ် ၁၈ ပေ၊ ထု ၈ လက်မနဲ့ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နေပါတယ်။ ကတ္တရာလမ်းကောင်းတဲ့နေရာတချို့ကို ချန်ပြီး ပိုလ်ချုပ်လမ်းအဆုံးအထိ ခင်းပေးသွားမှာဖြစ်ပါတယ်။ ဒီလမ်းပြီးသွားရင် ဒေသခံပြည်သူတွေ အသုံးများတဲ့ အင်းရဲလမ်းမကြီးကိုလည်း ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်၊ အင်းရဲလမ်း ဆောင်ရွက်ရာမှာတော့ ဒေသခံပြည်သူတွေရဲ့ ထည့်ဝင်ငွေ ခန့်မှန်းငွေကျပ်သိန်း ၃၀၀ ကျော်လောက် လိုအပ်မှာဖြစ်ပါတယ်ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

ကျေးရွာရှစ်ရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

တမူး နိုဝင်ဘာ ၂၂

တမူးခရိုင် တမူးမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တပ်ဆင်ပေးသည့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

တမူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ကျေးရွာများမှပြည်သူများ လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ဟဲဇင်းကျေးရွာတွင် ၂၁၉ စုံ၊ အင်ဒိုင်းကျေးရွာတွင် ၂၂၁ စုံ၊ ရန်တိုင်းအောင်ကျေးရွာတွင် ၂၁ စုံ၊ ထန်းတပင်ကျေးရွာတွင် ၂၈၈ စုံ၊ ဝိတုတ်ရွာ(သစ်)တွင် ၁၀၅ စုံ၊ ကွန်းတောင်းရွာ(သစ်)တွင် ၂၂ စုံ၊ မွေလင်းရွာတွင် ၂၂ စုံ၊ မန်တော်ရွာတွင် အစုံ ၈၀၊ စုစုပေါင်း ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်း ၉၅၆ စုံကို ပေးအပ်ခဲ့ကြောင်း၊ ဆိုလာပြားများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမျူးများဖြစ်သည့် ဦးစန်းထွန်း၊ ဒေါ်မော်မော်၊ ဒေါ်ခင်မေစီနှင့် ဝန်ထမ်းများ၊ အောင်မြန်မာကုမ္ပဏီမှ ဝန်ထမ်းများက ပြည်သူတစ်ဦးချင်းစီ၏ အိမ်များအရောက် အဖွဲ့များခွဲ၍ တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ အဆိုပါကျေးရွာ ရှစ်ရွာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိပြီဖြစ်၍ ကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

